(၁)

တန်ခူးလကုန်၍ ကဆုန်ဆန်းချေပြီ။

ပဒူအု တုတ်ဖြင့်ဆွလိုက်သလို နထို့ပလို့တရွာ
လုံး လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ယောကျ်ားမိန်းမ
ကလေးလူကြီး ရွာရှိလူကုန် စိတ်အာရုံထဲဝယ် ပွဲကြည့်
ရတော့မည်။ ပွဲကြည့်ရတော့မည်။ ဤအသိသည်
တနေ့တခြား ကြီးထွားလာသည်။

ရွာထိပ်မှ ပြည်လုံးကပ်ကျော် ကိုးတောင်ပြည့်
စေတီတော်သည် ထုံးသင်္ကန်းဖြင့် ဖွေးဖွေးဖြူလာ



မြစေတီ ဝတ္ထုရှည်

ၵ်။ ခြေတီခြေတော်ဝန်းကျင်မှ ချုံနွယ်ပိတ်ခြုပါင်းများ
သည် မျက်လှည့်ပြလိုက်သလို တနေ့အတွင်းရှင်းလင်း
ပြောင်သွားသည်။ ပွဲကြည့်ရတော့မည်ဟူသောအသိ
ဖြင့် တရွာလုံးဝိုင်းရှင်းကြသောကြောင့် ဖြစ်ချေသည်။
ဤနှစ်ကား အုံ့ဖွယ်သရဲ၊ အုံ့ဖွယ်ဘီလူး၊ အုံ့ဖွယ်
ဗုတ်၊ အဟုတ်ထူးခြားသောနှစ်ပင်။ ခါတိုင်းနှစ်တွေ
က ကွင်းထဲတွင် ဇာတ်စင်တစင်သာရှိသည်။ ဤနှစ်
ကား နှစ်စင်ဖြစ်နေ၏။ လယ်နှစ်ကွက်ကျော်တွင်
ဟိုဘက်တစင် ဒီဘက်တစင် နှစ်စဉ်ပြိုင်ဆောက်ထား
သည်။ နှစ်ပွဲဖြစ်မည်ကို ဗေဒင်မေးစရာမလို။ ကလေး
ကအစ သိနေကြသည်။





# မျောက်ပင် လူပင်လား

## အီကြာကွေး

•

"မလရှင်တဲ့တော်…..မလရှင်တဲ့…."

"ဟုတ်တယ်….။ ဟုတ်တယ်….။ မလရှင်ပြန်လာမယ်တဲ့…."

အိမ်း….မလရှင်ဖြစ်ဖြစ်၊ ရွှေကသီးဆေးပြားဖြစ်ဖြစ်၊ တဇာတ်တော့ကျိန်းသေသွားပြီ။ မလရှင်သည် လွန်ခဲ့သောသုံးနှစ်ခန့်က တကြိမ်လာခဲ့ပြီးနောက် ငုပ်ကောင်လိုပျောက်သွားသည်။ ပါးစပ်သတင်းများအရမှ မလရှင်သည်မြို့ကြီးပြကြီးများတွင် ပွဲခွင်တွေဇာက်တိုက်ကနေရသဖြင့် နယ်ထို့ပလို့သို့ မလာအားဟုသိရ၏။ ဦးလေးကိုဆိတ်ဖါး ဆရာတော့်မျက်မှန်ကိုင်းအတွက် ရန်ကုန်လိုက်သွားပြီးအပြန်တွင် သတင်းတခု ပါလာသည်။

"ဟာ....ကန်တော်ကြီးစောင်းမှာ ဆောက်ထားတဲ့ ဇာတ်ရုံကြီးဟာ နဲတဲ့ရောမကြီး ဟုတ်ဖူးဟ။ ဆရာတော်နဲ့ ရွှေတိဂုံဘုရားသွားရင်း ငါကားပေါ်က မြင်ခဲ့ရတာ။ ဇာတ်နာမည်တော့ ဘာမှမချိတ်သေးဘူး။ ကားမှတ်တိုင်မှာ ဘန်းလည်ပင်းလွယ်ထားတဲ့ လူတယောက်ကို "ဘာလဲလို့" မေးကြည့်တော့ ဗလရှင်-ဂျင်တန်တဲ့။ ငါလဲနထို့ပလို့သာဘဲ။ လူပါးဘဲ။ ရန်ကုန်သုံးခေါက် ရောက်ဖူးတဲ့ ဖကောင်ဘဲ။ ဒီဇာတ်ရုံမှာ ဒို့ဗလရှင်ဇာတ်နဲ့ ဂျင်တန်ဆိုတဲ့ဇာတ် တဇာတ်ကမယ်ဆိုတာ တပ်တပ်အပ်အပ် သိလိုက်တာပေါ့။ ဗလရှင်ရန်ကုန်ရောက်နေပြီကွ။ ဒါကြောင့် ဒို့နထို့ပလို့ကို မလာနိုင်တာ...."

နထို့ပလို့ ပရိသတ်မှာ ဦးလေးကိုဆိတ်ဖား၏ စကားကြောင့် တယ်ဟုတ်တဲ့ ဗလရှင်ပါလားဟု ဗလရှင်ကိုအသလွတ် အထင်ကြီးသွားသည်။ ထိုနှစ်များအတွင်း ဗလရှင်ဇာတ်သည် ရန်ကုန်အသာထား မြို့ကြီးပြကြီးများ အသားထား၊ မြို့ကလေးပြကလေးများ အနားသို့ပင်မသီနိုင်ဘဲ နထို့ပလို့ကဲ့သို့သော ဝေးခေါင်ချောင်ကျသည့် ပစ္စန္တရာဇ်များတွင် ဘုရားပွဲ၊ ကွင်းပွဲအဖြစ်လျှောက်ကနေရသည်။ ဒီနှစ်မှတိုက်တိုက်ဆိုင်ဆိုင် နထို့ပလို့သို့ဇာတ်ခြေဦးပြန်လှည့်နိုင်တော့သည်။

"ဟိုဘက်စင်က မျောက်ဇာတ်တဲ့တော်။ ကြိကြိဖန်ဖန်မျောက်ဇာတ်တဲ့။ မျောက်များအဆန်းလုပ်လို့။ သူကြီးဦးဖါးက ငှားလာရတယ်။ တနေ့ကျက်သရေသုံးခါယုတ်တဲ့သတ္တဝါက ဇာတ်ဘယ်လိုကမှာလဲ။ ဟဲ့-ခလေးတွေ နင်တို့သွားချင်သွားကြ။ ဒို့တော့ ဗလရှင်မှာဘဲကြည့်မယ်။ ဗလရှင်ကလွဲရင် ကျန်တာဖွဲနဲ့စကွဲ။ ခဲနဲ့သလဲ"

မိန်းမပရိသတ်မှာ ဗလရှင်မှဗလရှင် တန်းတန်းစွဲဖြစ်နေ၏။ မုဆိုးမ မမဲ့ထရံမှာ အကဲဆုံး အသဲဆုံးဖြစ်သည်။ ဟိုး....,တခါ ဗလရှင် လာကတုန်းကပေါ့ ဗလရှင်က ဇာတ်စင်ပေါ်က လှမ်းကြည့် လိုက်တိုင်း သူ့ကို ကြည့်သည်ထင်ကာ ရင်ထဲတွင် ကတုန်ကယင်ကြီးဖြစ်သည်။ ဗလရှင် မျက်စချီလိုက်လျှင် မမဲထရံနှလုံးသားမှာ ဝ°ကနဲမြည်သွားသည်။ ဗလရှင်က (ချစ်လိုက်ကြအုံးစို့နှမရယ်)ဟု လေးပေါက်အောက်ပြန်သံဖြင့် မင်းသမီးကိုပြောလျှင် မမဲထရံက သူ့စောင်း ပြောသည်ဟုထင်သည်။ ဇာတ်ပြန်သွားပြီး သုံးလေးလကြာသည်အထိ မမဲ့ထရံမှာ ဖသောဖသာတွေဖြစ်နေရသည်။ ခွေးကျွေးဘို့ခေါ်သည်ကိုပင် အောင်နက်ရေ....အို့....အို့အစား ကိုဗလရေ...,အို့....အို့ ဟု ယောင်ခေါ်မိသည်။ ပြီးမှ....(ကန်တော့နော်-ကန်တော့)ဟုပြန်တောင်းပန်ရသည်။

"မျောက်ဇာတ်မင်းသားက ဘိုကေလင်တဲ့ ပေါက်တီးပေါက်ရှာကွာ၊ မိုးကြိုးတွေပစ်ချတော့မှာဘဲ မျောက်မှာဘယ်တုန်းက ဘိုကေရှိဘူးလို့လဲ၊ ဟား....ဟား....ဟား"

ဦးလေးကိုဆိတ်ဖား အမှူးပြုသော ကာလသားပရိသတ်က မျောက်ဇာတ်ကို ဟားကြသည်။ တသက်နှင့်တကိုယ် တခါမှ မကြားဘူး၊ တကြိမ်မှမကြည့်ဘူးသဖြင့် မျောက်ဇာတ်ကိုစိတ်ဝင်စားနေ၏။ မျောက်တွေက လူလိုကမယ်ဆိုတော့ (ခေါင်းခါးခြေလက်ဉ်လေးချက် မပျက်စေရ သုခုမ)အက သမရိုးစကားအတိုင်း ခေါင်းကိုဘယ်လိုငဲ့မလဲ။ ခါးကိုဘယ်လိုနွဲ့မလဲ။ ခြေကို ဘယ်လိုထိုးမလဲ။ လက်ကိုဘယ်လိုချိုးမလဲ။ ကြည့်မှသာသိရတော့မည်။

ပြည်လုံးကပ်ကျော် ကိုးတောင်ပြည့် စေတီတော်၏ ပွဲတော်စပါပြီ။

"သဘင့်ထိပ်တင်....ဗလရှင်"

သဘင့်ထိပ်ကို ဆေးလိပ်တိုတွေ တင်တာလားကြံဖတ်တွေတင်တာလား၊ ကောက်ညှင်းထုပ်ခွံတွေတင်တာလား။ ဘာတွေတင်မှန်းမသိသော သဘင်ထိပ်တင် ဝိတ်နဖူးစည်းဆိုင်းဘုတ်သည် လေအသုတ်တွင် တဖျပ်ဖျပ်လှုပ်နေ၏။ နေစား၊ ရေစားထားသဖြင့် စာလုံးများ အရောင်မှိန်လှသည်။

ကတ္တ°ပါပြည်ဖုံးကားကလည်း ဘိုးတော်ဘုရားအုဝဲအော်ကတည်းကကားမို့ ဝဲစားသော ခွေးအမွေးတွေ ဟိုတကွက်၊ဒီတကွက် ကျွတ်နေသည်။ အနီလည်းမဟုတ်၊ ကြက်သွေးလည်းမဟုတ်၊ ဘဲသွေးလည်းမဟုတ် ညိုပုပ်ပုပ်၊ နုတ်ဖတ်ဖတ်၊ ကျွန်စုတ်သည့်သရက်ခေ့ သောက်မှ မပြောင်သောအရောင် မှောင်မှောင်မှိုင်းမှိုင်း။

"ဘိုကေလင်-မျောက်သဘင်"

ကတော့မှ ဘယ်လိုနေမည်မသိ၊ အပြင်အဆင်ခမ်းနား၏။ အပြာရောင် တက်ထရွန်နဖူးစည်းတွင်

ရောင်စာလုံးများဖိတ်ဖိတ်လက်နေသည်။အပြာရောင် ထရွန်ပြည်ဖုံးကားကလည်း ရှုမြင်သူများအဖို့ လုံးစိတ်ဝမ်း အေးချမ်းစရာ။ ကောင်းကင်ပြာပြာ၊ ပြာပြာနှင့် ထိစပ်နေသလို ထင်ရသည်။ ကွင်းလေ သုတ်တွင် ပြည်ဖုံးအပြာသည် လှိုင်းတွန့် ကလေး ထနေ၏။ အသံချဲ့စက်ကို တပ်ဆင်ထားသော် ည်း ဓာတ်ပြားမဖွင့်သေး။

"ဟလို....ဝမ်း....တူး....သရီး....ဖိုး။ ဂျစ်ဂျစ် ။ ဟလို....ဝမ်း....တူး....သရီးဖိုး....ရှဲရှဲရှဲ"

ဗလရှင်ဇာတ်ကတော့ နေ့လယ်ကတည်းကအသံ နေ၏။ စက်သံကမကြည်မြ။မပီသပေ။ ဝမ်း.... ....သရီး....ဖိုးထဲတွင် ရှဲရှဲရှဲတို့ ဂျစ်ဂျစ်ဂျစ်တို့က ညှပ်ကြားညှပ်ပေါ်လာသည်။တချို့တွင် လူအော် ပျောက်သွားပြီး ကွီ–ကွီဟု သံရှည်ဆွဲကာ အ ကြီးမြည်နေ၏။

"ဇာတ်စင်နောက်မှာ ဝက်ကိုကြိုးတုပ်ပြီး ရိုက်နေ ကွ။ ဒါ့ကြောင့် အော်လံထဲမှာကွီကွီလို့လာ နေတာ။ သွားကြည့်ကြရအောင်"

နတို့ပလို့ ကလေးထဲတွင် ဦးစံအေးမြေးကြို့တိုင်း ခလေးသရဲ၊ ကလေးကဲဖြစ်သည်။ မကဲလား–ကဲ ။ အိမ်ပြန်သည်မရှိ။ကွင်းထဲမှာတလည်လည်လုပ် သည်။နောက်လိုက်နောက်ပါကလေးအုပ်ကလည်း ဆယ်နီးပါး။ကြို့တိုင်းက စထောင်လိုက်သောအခါ ကလေးများက (ဟုတ်တယ်၊ သွားကြည့်မယ်) ဟုသံ မသွားဘဲ သံယောင်လိုက်လာသည်။

ဓာတ်သမားများ စားသည်းချရာ ဇာတ်စင်နောက် တွင် ကျူထရံတွေကာထားသည်။ အဝင် အ အတွက် တပေါက်သာရှိ၏။ ကြို့တိုင်းတို့သည် ကျူထရံကို မျက်နှာကပ်၍ သေးငယ်သောအပေါက် ကလေးများမှတဆင့်အတွင်းဘက်သို့ စူးစမ်းကြသည်။ ကြို့တိုင်းကြည့်နေသော အပေါက်ကလေးနှင့် တည့် တည့်တွင် ခုတင်တလုံးရှိသည်။ ခုတင်ပေါ်တွင် ရောင်ထုံးဖြင့် အဘိုးကြီးတယောက် ထိုင်နေ၏။

၎င်းအဘိုးကြီးကို ကြို့တိုင်း ကောင်းကောင်းမှတ်မိ သည်။ ဟိုး–တခါ ဗလရှင်လာတုန်းက ပလ္လင်ပေါ် ထိုင်ပြီး သံလျက်ကြီးတမြှောက်မြှောက်လုပ်လျက်၊ (မင်းကြီးများ) လို့ ခေါ်ခဲ့တာ ဒီအဘိုးကြီးပေါ့။ကြို့တိုင်းသည် ကြည့်ရင်းကြည့်ရင်း အဘိုးကြီးရှင်ဘုရင် လုပ်သည်ကို မြင်ယောင်လာသဖြင့်....

"ဟော့... ရောင်ထုံးကြီး။ ဒီညမင်းကြီးများလုပ် အုံးမလား"

တီးတိုးလှမ်းမေးလိုက်သည်။ ရုတ်တရက် ဖြစ်သ ဖြင့် ဦးစက္ကိန်လန့်ကာ လက်ထဲမှဆေးလိပ်တိုကြီးလွတ် ကျသွားသည်၊ ဒီဇာတ်ထဲမှာ ဦးစက္ကိန်က အသက် အကြီးဆုံး။တဇာတ်လုံးလိုလိုက ဦးစက္ကိန်ကိုအဘစက် ဟု ခေါ်ကြသည်။ ကွယ်ရာမှာ သူ့အကြောင်းပြော သည့်တိုင် အဘိုးကြီးဟုသာခေါ်သည်။ ရောင်ထုံး ကြီးဟု ဘယ်သူမှမခေါ်။

အခုမှ ရောင်ထုံးကြီးတဲ့။ ဘယ်သူ ခေါ်လိုက်ပါ လိမ့်။

ဘေးဘီငဲ့ကြည့်လိုက်ပြန်တော့ လူရှင်တော်ကိုပါ ဒန်၊ ကိုဘုတို၊ ကိုစန္ဒရော်တို့ သူတို့ခုတင်တွင် သူတို့ အသီးသီးအိပ်ပျော်နေကြသည်။ လူကြမ်းအောင်မြင့်၊ လက်ထောက်ပြဇာတ်မင်းသား ခုနစ်ပင်ကုန်း တိုး ကြည်၊ သူတို့နှစ်ယောက်မှာ ဟောက်များတောင် ဟောက်နေသေး။ နေ့ခင်းကြောင်တောင် ဇာတ်ရုံထဲ သရဲများ ချောက်လေသလား။

"ဘယ်သူလဲကွ....ရောင်ထုံးကြီးခေါ်တာ"

သူနှောက်လိုက်သဖြင့် ဦးဧက္ကိန် ကဘောက် က ယောက်ဖြစ်သွားသည်ကို ကြို့တိုင်း သဘောကျသွား သည်။

"ကျုပ်ခေါ်တာ....သူကြီးဦးဖါး"

ကျူထရံကိုပုတ်၍ပါးစပ်ထဲတွေ့ရာအမည်ကိုကောင် ဖြေလိုက်သည်။ ပွဲနေ့ချင်းကူးလာရသဖြင့် မင်ပန်းရတဲ့ အထဲခုလိုလာနှောက်တော့ဦးစက္ကိန်ဒေါ်ပွသွားသည်၊ ပြောတော့ သူကြီးဦးဖါးတဲ့။ အသံက–ခသေးသံ။

"မင်းအမေလင် သူကြီးဦးဖားလား၊ သွား.... မသာလေး"

ကြို့တိုင်းတို့ ဝေးဟေးဟေးအော်ပြီး ရှာဘက် ထွက်ပြေးကြသည်။ ပြေးရင်းလွှားရင်းမှ....

"ရောင်ကြီးဗွေ....ပေါင်ကြီးရှေ

"မင်းကြီးများ....ဘုရား"

ပေါက်ကရတွေ အော်သွားကြသည်။ ဗလရှင် ဇာတ်ကိုတော့ နှောက်ပြီးပြီ။ ဘိုကေလင်မျောက်ကို လဲ နှောက်လိုက်အုံးမှ။ကြို့တိုင်း၏ ဦးနှောက်မှာ ဒီလို

ဘက်တွင်သိပ်သွက်သည်။ မျက်တောင်လေးသုံးလေး ချက်လောက် ပုတ်ခတ်ပုတ်ခတ်၊ လုပ်လိုက်ရုံဖြင့် အကြံရသွားသည်။ တဲဘက်ပြန်ပြေးပြီး စက္ကူထုပ် ကလေးတထုပ် ယူလာသည်။

"မင်းလက်ထဲက ဘာထုပ်လဲကွ"

"ဘာထုပ်ဖြစ်ဖြစ်ပေါ့ကွာ၊ လာ....မျောက်ဇာတ် ဖက် သွားကြမယ်"

ဘိုကေလင်တို့ကား အကုသိုလ်များ တပ်ချီ၍လာ နေသည်ကို မသိကြသေး။ သိလျှင်လည်း အတွင်းဝင် ပြေးဘို့ကမ ပွယ်။ ဇာတ်စင်နောက်ဖက်မှ ဗီးပင်လေး တွင် သံကြိုးဖြင့်ချည်ထားခံနေရသည်။အားလုံးပေါင်း မျောက်ဆယ့်နှစ်ကောင်။ မျောက်ကြီး၊ မျောက်လတ်၊ မျောက်ကလေး၊ မျောက်ပိစိကွေး၊ အထီးအမအစုံမှာ ခါးတွင် သံကြိုး တချောင်းစီဖြင့် ငုတ်တုတ်ကလေး တွေထိုင်နေကြသည်။ ပါးတဖက်တွင် ကန့်လန့်စင်း အမာရွတ်ကြီးနှင့် ရုပ်ဆိုးဆိုးလူတယောက် ပက်လက် ကုလားထိုင်ပေါ်တွင် မျက်လုံးမှိတ်၍ ငြိမ်နေသည်။ အိပ်ပျော်နေသလား၊ မှိန်းနေသလား မသိရ။

*"မင်းတို့ဒီနားမှာနေခဲ့၊ အသံမပေးနဲ့၊ ခမြရုပ် ကြီး နိုးသွားမယ်"*

ကြံတိုင်းက သူ့အပေါင်း အသင်းများကို လှမ်း မှာထားခဲ့ပြီး မျောက်အုပ်ရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။ မျောက်တွေက ကတုံးဆန်တော် နှင့် မျက်လုံးမွေးမွေး ကောင်ကလေး ဘာအကြံနဲ့ များ ဒို့ဆီလာနေပါလိမ့်ဟု တွေးရခက်ဟန်ဖြင့် ကြံ တိုင်းကို ဝိုင်းကြည့်နေကြသည်။ မလှမ်းမကမ်းသို့ အ ရောက်တွင် အထွေးဆုံးမျောက်ကလေးက ကွီကနဲ တချက်အော်သည်။ ရုပ်ဆိုးလူကြီး နိုးသွား၏။

"ဟေ့....ဘာလဲကွ၊ ဘာလုပ်မလို့လဲ"

ကြံတိုင်းက လက်နှစ်ဖက်ကို နောက်ဖက်သို့ ဖျပ် ကနဲဖွက်လိုက်ပြီး ကိုယ်ကိုရှေ့သို့ကိုင်း၍အလွန်ရိုသေ လေးစားသော အမူအရာဖြင့်...,

"ဟို....ဟို....ခမြရုပ် (အဲလေ) ဦးလေး၊ကျနော် လာကြည့်တာပါ၊ ဟဲ–ဟဲ"

သွားကျဲလေးဖော်ကာ တဟဲဟဲရယ်ပြီးမျက်နှာချို သွေးလိုက်သည်။ ရုပ်ဆိုးက သိပ် သက်ာပုံ မပေါ်။ မလှမ်းမကမ်းတွင် ကလေးတအုပ်ကြီးလည်း ရပ်ကြည့် နေသည်။ ဒီကောင်လေးတွေ ဘာအကြံရှိပါလိမ့်။

"သွား....သွား ငါအိပ်ရအုံးမယ်၊ ကြည့်ချင်ရ ညကျမှ လာကြည့်"

ကြံတိုင်းမသွား။ ရှေ့နဲနဲတောင် တိုးလိုက်သေ သည်။ ခမြရုပ်ကို အလွန်အောက်ကျို့ ခယသော အမူအရာ ဟန်ပန်လေသံဖြင့်....

"မျောက်ကလေးတွေက ချစ်စရာလေးတွေနော် သိပ်လိမ္မာကြမှာဘဲ၊ ဘိုကေလင်ဆိုတာ ဘယ်မျော လဲ ဦးလေး"

ခမြရုပ်မှာ အိပ်ပျော်မလို့ရှိတုန်း လာနှောင့်ယှ သဖြင့် စိတ်လက်တဆစ်ဖြစ်သွားသည်။ သွားဆိုတ မသွား။ ဒီမသာလေးနှယ် လျှာရှည် ရန်ကော ဒေါ်ပွပွဖြင့်....

"မင်းအဘလား၊ ဟိုဟာကွ....ဟိုဟာ၊ လ တဖက်နဲ့ သန်းကုပ်နေတာ မင်းအဘ ဘိုကေလ လေ"

မျောက်အုပ်ထဲမှ ခပ်ထွားထွား မျောက်တကေ ကို လက်ညှိုးထိုးပြသည်။ ဩ.... ခေါင်းဆော သား ဘိုကေလင်ဆိုတာ ဒီမျောက်ကိုး။ ဘိုကေ *ဆိုပြီး ခေါင်းပေါ်မှာ ဘိုကေလဲမရှိပါလား။* တ မျောက်တွေလို ကတုံးပါဘဲလား။ ခေါ်စားရှိလ ကတုံးလင်လို့သာ ခေါ်သင့်သည်။ ကြံတိုင်းဆိုတ အာဂကလေး။ ဘယ်လူကြီးမှ ကြော လို့မရတဲ့ ကလေး။ သူကတောင် လူကြီးတွေကို ပြန်လှူလည် ကျတဲ့ကလေး။ ကတုံးနဲ့မျောက်စုတ်ကို သူ့အဘဟ ပြောသဖြင့် ကြံတိုင်း ဒေါ်ပွသွားသည်။

"ကျနော့်အဘက ဦးစံအေးဗျ၊ ဒီမျောက်စုတ် ခင်ဗျားအဘ"

သုံးတောင် တမိုက်လောက်သာ အရပ်ရှိသေ ကလေးက မမြော်လင့်ဘဲ ပြန်ချသဖြင့် ခမြရုပ်အံ့အ သင့်သွားသည်။ ကြံတိုင်းက လျင်၏။ ယူလာသေ စက္ကူထုပ်ကလေးကို မျောက်အုပ်ထဲပစ်သွင်းပြီး သုပ ကနဲထွက်ပြေးသည်။ အဝေးကြီးအထိမပြေး။ကလေ အုပ်ဆီ အရောက်တွင် ရပ်လိုက်သည်။ ခမြရုပ်ကို ပ မခန့် ပြန်ကြည့်နေသည်။

ဘိုကေလင်က စက္ကူထုပ်ကို ကောက်နမ်းကြ ပြီး ကွီကွီကွကွအော်ကာ မျောက်တကောင်ဆီ ပစ်လိုက်သည်။ ထိုမျောက်က ကောက်နမ်းပြီး ကွ ကွီကွကွအော်ကာ အခြား မျောက်ဘက် ပစ်လို

အကြိုက်ကိုသိသည်။ ဗလရှင်သည် ဇာတ်က,စားနေသည်။ ကြိုတိုင်း၏ အတုသိုလ်ထုပ်ကြောင့် မျောက်ချုပ် ထိန်းမနိုင် သိမ်းမရဖြစ်ကုန်သည်။ ကွိကွိကွကွ အော်ကာ ဇီးပင်ပေါ်တက်တဲ့ကောင်တက်၊ ဇီးပင်ပေါ်တက်ပြေးတဲ့ကောင်ပြေး၊ တကောင့်ခေါင်းတကောင်ကျော်၊ တကောင်ပေါ်တကောင်နင်း၊ သံကြိုးချင်းလိမ်ရှုပ်၍ ဘရုတ်သုတ်ခဖြစ်ကုန်သည်။

"အမျိုးယုတ်ကလေး၊ ငပိထုပ်နဲ့ ပစ်သွားတယ်"

အိပ်ချင်စိတ်မှာ စကြာဝဠာတံတိုင်း အပြင်ဘက်သို့ လွင့်ထွက်သွားသည်။ ခမြရုပ်သည် ဇာတ်ရုံနောက်မှ ဝါးတလုံးကိုပြေးဆွဲ၍။ ဝါးက နှီးချည်ထားသည်မို့ တော်တော်နှင့်ဆွဲလို့မရ။ ခမြရုပ်အခက်၊ ကြိုတိုင်းတို့အကွက်။ ခမြရုပ် ဒီမှာအခက်တွေ့နေစဉ် ကြိုတိုင်းတို့က ပါးစပ်ကလေးတွေရှေ့ထော်၊လက်နှစ်ဖက်ရှေ့ပစ်ကာ တချို့ ဘေးကားကာ ခုန်ဆွခုန်ဆွ လုပ်လျက်။

"ဟေလာ မျောက်ကြီး....ရှော်သီး စားမလား"

"မစားချင်ဘူး....ချဉ်ဖြုံး-ချဉ်ဖြုံး...."

"ဟေလာ ခမြရုပ်....နောက်ချီး စားမလား"

"မစားချင်ဘူး....နံဘယ်....နံတယ်...."

ဖုန်တထောင်းထောင်းထအောင်ခုန်ပေါက်ပြောင်ကြသည်။ခမြရုပ်က ဝါးလုံးကိုဆောင့်ဆွဲလိုက်ရာ နှီးချက်တွေပြတ်ထွက်သွားသည်။ကြိုတိုင်းတို့ကသူ့ထက်လျင်၏။ ဝါးလုံးပြုတ်တာလဲ မြင်ရော၊ လစ်လစ်ပါအောင် ပြေးကြပါလေရော။ခမြရုပ်သည် ဝါးလုံးကြီးတယမ်းယမ်းဖြင့် တောက်ခေါက်၍ ကျန်ခဲ့လေသည်။

ဗလရှင်နှင့် ဘိုကေလင်....

လူဇာတ်နှင့်မျောက်ဇာတ်ပြိုင်ပွဲကြီးတွင်ဗလရှင်က နှာတဖျားမက ကိုယ်တလျား အသာ ရနေသည်။ ပရိသတ်ချင်း ယှဉ်လိုက်သော် ဗလရှင်တွင် လူများသည်။ဖျာတွေ၊ဖျာတွေ ကွင်းအပြည့်၊ လူတွေ-လူတွေ မဲမဲလှုပ်၊ သဲသဲညွတ်....

ဘိုကေလင်တွင်ကား ကြိုတိုင်းတို့ ကလေးတသိုက်နှင့်ရှုးစမ်းလိုသောကာလသားအနည်းငယ်မျှသာ။ ပရိသတ်သိပ်နည်းသည်။ကျဲတောက်တောက်သာရှိသည်။ ဇာတ်ခုံရှေ့မှ ဖျာစုတ်များပေါ်တွင်ကလေးတွေ ကကြခုန်ကြ၊သတ်ပုတ်ကြနှင့် လောင်မီးကျနေသည်။ ဆရာကြီးကတော့ ကြိုတိုင်းပေါ့။ ကြိုတိုင်းသည် ဆူညံနေသော ကလေးအုပ်ကို ငြိမ်ခိုင်းပြီး။

"ဟေ့ကောင်တွေ....ဘိုကေလင့် အဖေ ဘိုကေကြိုကြည့်မလား"

"ကြည့်မယ်....ကြည့်မယ်"

ကြိုတိုင်းသည်ပါးစပ်ရှေ့ထော်၊လက်နှစ်ဖက်ဘေးကားကာ ခုန်ဆွခုန်ဆွဖြင့် မျောက်က ကပြသည်။ ကလေးများက (ဗေဗိန်....ဗေဗိန်ထီ....ဗေဗိန်....ဗေဗိန်ထီ) အသုဘ ဆိုင်းကို ပါးစပ်ဖြင့် ဝိုင်းတီးပေးကြသည်။ဘိုကေကြိုက သန်းယားဟန်ဖြင့် ခေါင်းကိုဃင်း၊ ဘိုက်ကိုဃင်း၊တင်ပါးကိုဃင်း ကုတ်ကုတ်ပြသည်။ ဂျိုင်းကြားသို့ လက်သွင်းပြီး မရှိသော သန်းကို ဇတ်ကနဲ ဖမ်းပြသည်။ ထိုသန်းကို လက်သဲခွံပေါ်တင်၍ ဗြိကနဲ တုပ်ပြသည်။ တုပ်ပြီးသော သန်းကို ပါးစပ်ထဲသွင်းကာ မေးတလှုပ်လှုပ် ဝါးပြသည်။ ကလေးများကား တဟားဟား....။

ဘိုကေလင်က ငှက်ပျောသီးပဲ၊စားနေသလား။ အီအီးပဲ သွားနေသလား၊ ထွက်မလာသေး။ ဆိုင်းပင်မတီးသေး။ ဘိုကေလင့်အဖေ ဘိုကေကြိုက ကြိုကသောင်းကျန်းနေသည်။ကလေးတွေ ဆူသံ၊အဝီစိပွက်သလို ကျွက်ကျွက် ညံနေစဉ်၊ ပြည်ဖုံးကား ကြားမှ ခေါင်းတလုံး ထွက်ကြည့်သည်။

ဟိုက်....ရှားဘားစ်။ဒီမသာလေးလာနှောင့်ရှက်ပြန်ပြီ။ ကြိုတိုင်းကလည်း ထိုခေါင်းကို သတိထားမိသည်။ကနေရာက သံချပ်သံပြောင်တွေကို မျောက်သံဖြင့် တိုင်ပေးသည်။ကလေးတွေကလည်း မျောက်သံဖြင့် ဖောက်ကြ၏။

"ကွိကွိ....ကွိကွိကွကွ...."

"ကွကွ....ကွကွ ကွိကွိ"

"သာကူအိုးကြီး-လုံးကြီးတင်...."

"ခမြဖင်....ဇွန်းကြီးတန်းလန်း...."

"ရွှေဖရုံသီး....ခမြကြီးရိုက်ခွဲ ..."

"ခမြရုပ်ကြီး....နောက်မြီး လိုက်ဆွဲ ...."

"ကွကွ....ကွကွ ကွိကွ"

"ကွိကွိ....ကွိကွိကွကွ...."

ဒီခမြရုပ်ကို ဘာလုပ်ကြောက်ရမှာလဲ။ ဦးလေးကိုဆိတ်ဖားတို့၊ ကိုငပျော့တို့ အနားမှာ ရှိသည်။ ဒီခမြရုပ်ဆင်းမရိုက်ရဲ။ ရိုက်ကြည့်ပါလား။ ဦးလေးကိုဆိတ်ဖားတို့က ပြန်တီးလိုက်လို့ ခမြရုပ်က သခိုးရုပ် ဖြစ်သွားမယ်။ အားကိုး ရှိတော့လဲ ကြိုတိုင်းတို့ အပြတ်ကဲကြ

သည်။ မြေရုပ် အံ့တကျကျကြိတ်ရာက ဒီရွာလာက မိတာ အကုသိုလ် အပြားလိုက်ကပ်တာဘဲဟု နောင်တရပြီး ပြည်ဖုံးကြားသို့ ခေါင်းပြန် ဝင်လိုက်သည်။ ကြိုတိုင်းက (လိပ်ခေါင်းဝင်သွားပြီဟေ့.....) ဟုတအားကြီးအော်လေသည်။

"မင်္ဂလာရယ်မှ.....၊ မဏ္ဍိုင်လေဟေဟေ....
ရောင်ဆိုင်ငယ်မှလေလီး....သာမောရယ် ကွ"

အသံချွဲချက်ဒုက္ခပေးပြီ။ နတ် သံ ပစ် လိုက် သော အချိုတော် ဒေါ်မှုန်ကြီး၏ အသံ ပျောက် သွား ၏။ သာမောရယ် စည်မှာ အသံချွဲချက်က ကွဟု စူးကနဲ မြည်လာသဖြင့် သာမောရယ်ကွ ဖြစ်သွားသည်။ ထိုကွသည် အတန်ကြာအောင်ဆက်ကွနေ၏။ ဒေါ်မှုန်ကြီးက (နတ်ပြည်ထိလု၊ ပျော်ဘွယ် ကောင်း နတ်ပေါင်းစု၏) ဟု ဆက်ဆိုသော်လည်း ကွသံက ဖုံးနေသဖြင့် ပရိသတ်မှာ ပါးစပ်လှုပ်နေသည်ကိုသာ မြင်ရသည်။ ကွသံတိတ်သွားသောအခါ....

"အတူလေးရယ်တဲ့-ယှဉ်ကာပြိုင်-ယှဉ် ကာ
ပြိုင်-ပန်းဟန်းဟန်းမွှေ့ရာ-ရွှေ ကော ဇော-ရော
နှောလို့ထိုင်...."

ဒေါ်မှုန်ကြီး အဆိုပိုဒ်ဆုံးလျှင် တီးကွက်ဝင်လာသည်။ လူငယ်ဆိုင်းဆရာ ဘဇူကာ မြင့် စန်း က (အို....ဘာတဲ့တုံး၊ ဘာမှမဟုတ်ဘူး) ဟု လှမ်းလောင်ကာ ပတ်လုံးများကို တတိန်တိန်၊ တဗျောင်ဗျောင်နှက်သည်။ လူငယ်ဆိုင်းဆရာထဲတွင် ခနေဖြူ စိန်စတင်းမှာ နာမည်ကြီးသည်။ စတင်းထက်သာအောင် မိမိအမည်ရှေ့တွင် ဘဇူကာတပ်ထားသော ဘဇူကာမြင့်စန်းက ဆံရှည်တယမ်းယမ်းဖြင့် အတီးပညာစွမ်းပြသောအခါ အပျိုတော် ဒေါ်မှုန်ကြီးကလည်း ဝက်ပုတ်လို အတ္တဘောကြီးကို လှုပ်ကာ လှုပ်ကာဖြင့် အကပညာစွမ်းပြသည်။

ဒေါ်မှုန်ကြီးမှာ အသားမဲလှသဖြင့် ကျွဲမကြီးကို မိတ်ကပ်လိမ်းပြီး၊ အပျိုတော်ဝတ်စုံဆင်ကာ ဇာတ်ခုံပေါ် တင်ပေးထားသလိုဖြစ်နေသည်။ အ ဝေး က ကြည့်လျှင် လူကနေသည်မထင်ရဘဲ ရာဝင်အိုးကြီး လှုပ်နေသည်ဟုသာ ထင်ရ၏။ ဒေါ်မှုန်ကြီးသည် မုံ့ကျွဲသွဲ့တုံးကြီးနှစ်တုံး ကပ်ထားသလို ကြီးလှ၊ ထွားလှ၊ တုန်လှသော ရော်မ တင်ဆုံကြီးများကို ပရိသတ်ဘက်သို့ လှည့်လှည့်လှုပ်ပြသည်။ နှဲဆရာကြီး ဥက္ကလာ ချစ်စိန်က နှဲကိုဖြုတ်၍ စက် ဆုပ် စွာ ဖြင့် (ထွီ) တံတွေး ထွေးပြီးပြန်မှုတ်သည်။

"ပျိုတိုင်းကြိုက်ပါတဲ့-နှင်းဆီခိုင်-နှင်း ဆီခိုင်
(အို-ဘာတဲ့) လူတိုင်းကြိုက်ပါတဲ့-နှင်းဆီခိုင်
နှင်းဆီခိုင်"

လူတိုင်းမကြိုက်ရင်နေပါ။ ဦးစက္ကိန် ကြိုက်ဘဲ ကျေနပ်ပါပြီ။ ဦးစက္ကိန်သည် ဒိသာပါမောက္ခ ဆရာကြီး အဝတ်အစားဖြင့် တောင်ဝှေးကိုင်ကာ တိုင်ဖုံးကြားတွင် အသင့်ရှိနေသည်။ အပျိုတော်ပြီးလျှင် အော်ပဒါထွက်ရမည်။ ဒေါ်မှုန်ကြီးက ဦးစက္ကိန် ရပ်နေသော တိုင်ဖုံးနားသို့ ရောက်လာပြီး တင်ပါး ကြီး များ ကို လှုပ် လှုပ် ပြ သည်။ ဦးစက္ကိန်မှာ တောင်ဝှေးဖြင့် လှမ်းမရိုက်မိအောင် စိတ်ကိုမနည်း ထိန်းထားရသည်။

"အိမ်း....ယောကျ်ားတို့တတ်အပ်သော အ... ရသာ တဆယ့်ရှစ်ရပ်သော ပညာများနှင့် ငါ့တပည့် ပြည့်စုံပြီ၊ ပြည်တော်သို့ပြန်ရာတွင် လမ်းကန္တာရ ကြမ်း၍ ဝါဠုကန္တာရ သဲပူလွှမ်းသောနေရာ၊ ယက္ခ ကန္တာရ ဘီလူးကြမ်းသောနေရာ၊ ဗျဿ ကန္တာရ ကျားကြမ်းသောနေရာ၊ စောရကန္တာရ ခိုးသားကြမ်း သောနေရာ"

ဒိသာပါမောက္ခဆရာကြီး ဦးစက္ကိန်က သ... သမစဉ်အတိုင်း ခရီးစဉ်အခက်အခဲများကို ပါဠိ... သားဖြင့် ရှင်းပြသည်။ ခေါင်းပေါ်တွင် ဘာမှန်း... သော ဥဒ္ဒေါင်တခုကို ဆောင်းထားပြီး မ... မင်းသား အဝတ်အစားဖြင့် ဒူးတဖက်ထောင် ... ကွေး အနေအထားမှ ခေါင်းငုံ့နားထောင်နေ... ဗလရှင်က....

"တော်ဗျာ၊ ဒီမှာညောင်းလှပြီ၊ ခင်ဗျားတတ်... မလျှောက်ရှုတ်မနေနဲ့၊ ညကြေးဖြတ်လိုက်ရမလား"

တိုးတိုးလှမ်းမာန်သည်။ ဒိ သာ ပါ မော က္ခ... အီသာပါမောက္ခ ဖြစ်သွားသည်။ အီသွားသည်။... ကြေးဖြတ်မည်ဆိုသဖြင့် အယောင်ယောင် အမှား... ဖြစ်ကာ....

"အဲ-မှုန်ကြီးကန္တာရ မိန်းမကြမ်းသောနေရာ..."

ဆက်ရှုတ်ပြီးမှ မှားမှန်းသိသဖြင့် ပါးစပ်ကို ... တော့အုပ်လိုက်သည်။ လူရှင်တော်ကိုဘုတို (ဒေ... ဒါဇာတ်ရုပ်အရ) ဘီလူးဘုတိုကတော့ ဗလ...

သော်လည်း သဘင်ပညာတွင် အိယောင်ဝါးသာ ဖြစ်သည်။ တကဲ့သဘင်ပညာအစစ်က စာနှင့်ကင်းလို့ မရ။ ဆိုင်ရာဆိုင်ရာတွင် ဇာတ်စာရှိသည်။ ကျက်ရ မှတ်ရသည်။ ဆိုင်ရာ ဇာတ်ရုပ်ကိုဆိုင်ရာဇာတ်စာဖြင့် လှုပ်ရှားရသည်။ ဗလရှင်က ဒါတွေဟာ လေကုန် တဲ့အလုပ်၊ တံတွေးထွက်တဲ့ အလုပ်ဟု မြင်သည်။ ဒီပျော့ကွက် သိထားသော ကိုဘုတိုက ( သယ်-အစွယ်ပြူးပြူး၊ သားစားကြူးသည့်) ဘာညာကွိကွ အစရှိသော ဘီလူးစာကိုမရွတ်တော့ဘဲ....

"ဟား-ဟား ကျုပ်ကတော့ ဘီလူးကိုဗျ"

ပြီးစလွယ် ဝါးချလိုက်သည်။ ဆိုင်းက ဂျမ်ထိဟု ပတ်တုတ်ပေးသည်။ ဗလရှင်ကဒီလိုမြန်မှ သဘော ကျတာ၊ ဘီလူးဘုတိုက သံ လျက် တ ရွှယ် ရွှယ် ဖြင့် ရှေ့ကတား။ မြဟ္မဒတ်မင်းကြီး၏သားတော် ဗလရှင် က လေးကောက်ကြီး တမြောက်မြောက်ဖြင့် ပစ်မယ့် ဟန်ချိန်၊ ဘဇူကာ မြင့်စန်းတို့က ထိထိ ထိထိဟု ပတ်မ ထုပေး။ ယင်းသို့ သုံးလေးပတ်လှည့်ကြပြီး ဘီလူးဘုတို တိုင်ဖုံးနောက်သို့ ဝင်သွားသည်။

ဗျည္ဆကန္တာရဖြစ်သဖြင့် လူ ရွှင် တော် ကိုပါဒန် (အော်ပဒါဇာတ်ရုပ်အရ) ကျားပါဒန်။ လေးကင်း ဆိုင်းဖြင့် တိုင်ဖုံးနောက်ဖက်မှ လက်ထောက် ချွမ်းဖြင့် ထွက်လာသည်။ ကျားပါဒန်ကလည်း အထာပေါက် ပြီးသားမို့ ( ကျုပ်ကတော့၊ ကျားကိုဗျ၊ ဝေါင်း ဝေါင်း)ဟု ပြီးစလွယ်အော်ပြီး ဇာတ်ခုံ၏ ဟိုဘက် ဒီဘက် လက်ထောက်၍ ခုန်လိုက်သည်။ ဗလရှင်ကို ကိုက်မည့်ခဲမည့်ဟန်ပြ၊ ဗလရှင်က လေးဖြင့်ချိန်လိုက် သော် လက်ထောက်ချွမ်းဖြင့် တိုင်ဖုံးကြားပြန်ဝင်။ ဗျည္ဆကန္တာရတော့ ပြီးသွားပြန်ပြီ။

"ဝိုင်းဟ....ဆီးဟ....ဖမ်းဟ"

စောရကန္တာရဖြစ်သဖြင့်သူခိုးတွေ၊ ငတိုတွေအော် ကြီးဟစ်ကျယ်ထွက်လာကြသည်။လူကြမ်းအောင်မြင့်၊ လူရွှင်တော် ကိုစန္ဒရော်၊ လက်ထောက်ပြဇာတ်မင်း သားတိုးကြည်၊ ပစ္စည်းထိန်းငခွက်၊ ကားဆွဲမောင်ပိုက်၊ မျက်နှာဖုံးတွေအသီးသီးတပ်၊ ခါးတောင်း အမြှောင် သားကျိုက်ကြကာ ဓားထမ်း၊ လှံထမ်း၊ တုတ်ထမ်းပြီး ဖမ်းမယ်ဆီးမယ်ပေါ့ဇလ။ ခပ်ကြမ်းကြမ်း ထွက်လာ သည်။ ကိုစန္ဒရော်မှာဆွဲမိဆွဲရာဆွဲလာရသဖြင့်သံကလ အော်ကြီးပါလာသည်။ သူက ဒါကြီးတယမ်းယမ်းဖြင့် ဇာတ်ခုံက ပျဉ်တွေဘဲခွာတော့မလို၊ တိုင်က သံတွေဘဲ နှုတ်တော့မလိုဘာရုတ်သုက္ခလုပ်ပြသည်။

"ဟော့ ငတိုတွေ၊ ဖယ်ကြ၊ လေးနဲ့ပစ်လိုက်မယ်"

ဗာရာဏသီခေတ်ဆိုပြီးနန်းဝတ်နန်းစားတွေ ဝတ် လျက်က ခေါ်တော့ငတိုတဲ့။ ဗလရှင်လုပ်လိုက်မှဖြင့် ဒီလိုမျိုးချည့်ပါဘဲ။ လေးနှင့်ပစ်ပစ်၊ ငါးနှင့် ပစ်ပစ်။ အောင်မြင့် တို့ ကလည်း ခပ်သဲသဲမို့ မဖယ် ကြပေ။ ဓားမြှောက်၊ လှံမြှောက်၊တုတ်မြှောက်ကာ (ခုတ်ဟ ထစ်ဟ) ဟုအော်ကြသည်။ ကိုစန္ဒရော်က (သေပေ တော့) ဟုအော်ပြီး သံကလအော်ကြီးကို စုံကိုင်ကာ ဇာတ်စင်ကို တအားလွှဲရိုက်သည်။ ဒုန်းကနဲ မြည်ပြီး ကော်ဇောမှဖုန်တွေထလာသည်။မီးလုံးတွေလှုပ်သွား သည်။ဒီလူက ရှူးပေါ်ပေါ်။ တကယ်အုပ်ရင်အုပ်မှာ။ ဗလရှင်ဖြုံသွားသည်။

"ဟော့ကောင်တွေဖယ်နော်၊ မဖယ်ရင် ညကြေး"

ညကြေးဆိုတော့လည်း ကြောက်ကြသား။ ဝရုန်း သုန်းကားဝင်ပြေးကြသည်။သူခိုးတွေတော့ပြေးကြပြီ။ ကခွင်ထဲတွင်ဗလရှင်တယောက်ထဲ လေးကောက်ကြီး ကိုင်ကာ ဘာ ဆက်လုပ်ရမှန်း မသိဘဲ ယောင်တီး ယောင်တဖြင့်ကျန်ခဲ့သည်။ဤအကျပ်အတည်းကို ဘဇူ ကာမြင့်စန်းကဝင်ကယ်သည်။ အသံကလေးစူးစူးဖြင့်-

"တိုင်းပြည်မြို့.... သာယာသေတယ်" ဟု စွတ် အော်ပြီးအဝင်ဆိုင်းကို မြိုင်မြိုင် တီးပေးသည်။ဗလရှင် အီယောင်ဝါးက (ခမည်းတော်တို့ မျှော်ကြပြီ၊ ပြည် တော်ပြန်မှဘဲ) ဟုလုံးချပြီး လေးကောက်ကြီးဖြင့် သုံး လေးပတ်က,၍ဝင်သွားသည်။ ပြည်ဖုံးကားချ၏။ စက် သီးကြိုးငြိနေသဖြင့် အစတဖက်က တဝက်သာကျပြီး ဒေါင့်တန်းကြီးဖြစ်နေသည်။ မျက်နှာဖုံး တပ်ရက်၊ ခါး တောင်းကျိုက် မဖြုတ်ရသေးသော မောင်ပိုက်က က,ခွင်ထဲသို့ဝင်ပြီး ခုန်ဆွဲချသည်။ နထို့ပလို့ ပရိသတ် ရုတ်တရက်မျက်စိလယ်သွား၏။ ဘယ့်နှယ် သူခိုးပြန် ထွက်လာပါလား။ နောက်မှသူခိုးလုပ်တာ ကားဆွဲဘဲ ဟုသဘောပေါက်သွားပြီး တဟားဟား ဝိုင်းရယ်ကြ သည်။

"ဘာတွေမှန်းလဲမသိပါဘူးကွာ၊ ရုတ်ရုတ် ရုတ် ရုတ်နဲ့၊ အရီးက အိမ်က ခွေးကြီးရူးပြီး ရွာထဲ လိုက် ကိုက်တုန်းကအတိုင်းဘဲ"

ပရိသတ်ထဲမှ ဝေဖန်သံ ပေါ်လာသည်။ အစီးကံ ခွေးကြီးရှူးပြီးလိုက်ကိုက်တုန်းက စင်ပေါ်က သူခိုးများ ထွက်ပြေးသလို သူတို့တတွေဝရုန်းသုန်းကား ပြေးခဲ့ရ သည်မဟုတ်ပါလော။ နောက်ဖျားကျကျမှ ပရိသတ် များ ဘိုကေလင်မျောက်ဇာတ်ဘက်သို့ နေရာ ပြောင်း သွားကြသည်။

"ဘိုကေလင်....မြိုင်သာယာတလျှောက်တွင် နိုင် မာလာမျောက်သဘင်....အော်ပဒါ ဇ ာတ်ဆန်း စုံစုံ လင်....ထူးလှလို့ပြိတ္တာအသွင်၊ မြူးကြွဘို့စိတ်မှာပြင် ဦးချလို့ကမယ့်ဘိုကေလင်....ဘိုကေလင်"

ဤသီချင်းကိုလေ့လာရုံဖြင့် ဘိုကေလင် မျောက် သဘင်၏ အတိမ်အနက်ကို အကဲခပ်နိုင်ပေပြီ။ ဤသီ ချင်းသည် မှုန်ရွှေရည်ကို အလိုက်တူ ခိုးချ၍ စာသား ပြောင်းထားသောသီချင်းဖြစ်သည်။ တေးခိုး စာဆိုမှာ နဘေပညာတွင် အလွန်တော်လှသည်။ (ထူးလှလို့ ပြိတ္တ ာအသွင်) စာပိုဒ်ကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ ပြိတ္တာနှင့်မျောက် ဘာဆိုင်သနည်း။ ဘာမှမဆိုင်ပေ။ နဘေထပ်မိပြီးတမ်းဟုမဆိုင်တဲ့အပေါက်ကို ဂလိုင်နှင့် ခေါက်ထားခြင်းဖြစ်သည်။ ထားဝါတော့....

ရှာစား ဆရာအမည်ကိုလည်း ကြည့်ပါအုံး....၊ ဂိုဒေါင်အဖီမှ ကိုအောင်ကြည်တဲ့။ ဂီတလောကတွင် စန္ဒယား ဆရာတောက်ကို ဂိုဒေါင်နောက်မှကိုမောင် တောက်ဟုခေါ်ကြ၏။ ဒီအောင်ကြည် ဆိုတဲ့ ဆိုင်း သမားက ဆရာတောက်ကို သံယောင် လိုက်ကာ (ဂိုဒေါင်အဖီမှ ကိုအောင်ကြည်) လို့တပ်ထ ားသည်။ ဆားဂိုဒေါင်လား၊ ငပိဂိုဒေါင်လား၊ ဘာဂိုဒေါင်မှန်း လည်းမသိ။ဒါလဲထားလိုက်ပါတော့။

ကြို့တိုင်းပေးထားတဲ့ နာမည်အရ ခမြရုပ်။ ဘိုကေ လင်မျောက်သဘင်ရဲ့ ပိုင်ရှင်လဲ ပိုင်ရှင်။ ဇာတ်ဆရာ လဲ ဇာတ်ဆရာ။ သူကတော့ သဘင်ပညာကို ဘယ် လောက် ခေါက်မိသနည်း။ ဘယ်လောက်မှ မခေါက် မိပေ။ မျောက်ပွဲတွေ ဝင်ငွေကောင်းသည် ကြားသဖြင့် ငွေယားကလေးကလည်း ရှိနေတော့ လေသံကြား နှင့် အီးတရားန ခြင်း ဖြစ်သည်။ သူများယောင်လို့ လိုက်ယောင်သော ဂယောင်။

"အို-ဘာတဲ့ တုန်းဟ၊ ဘိုကေလင် မြိုင်သာယာ တလျှောက်တွင်၊ ခိုင်မာလာ မျောက်သဘင်၊ ပူနိမ် တိန်နိမ် ပူနိမ့်ဗျောင်"

အပြာရောင် တက်ထရွန် ပြည်ဖုံးကားကြီး တလွန့် လွန့်တက်သွားပါပြီ။ ဘိုကေလင်လာပါပြီ။ ဘိုကေ လင်သည် ခေါင်းပေါ်တွင် ဆံပင်တုကြီး စွပ်လျက်။ ကိုယ်တွင်ကလေးဝတ်စပို့ရှတ်ဝတ်ထားသည်။ခေါင်း လောင်းဘောင်းဘီကြီးကလည်း တဖားဖား၊တကား ကား။ ညာဘက်လက်တွင် ဘယ်ဘုရားက လစ်လာ မှန်း မသိသော ယ တြာ ချေ သည့် ကြက် လျှာ တုတ် ကလေးကို ကိုင်ထားသည်။ ကြက် လျှာ က လေးက တလူလူ။

က,ခွင်ထဲတွင် ဘိုကေလင်တကောင်တည်းမဟုတ်၊ သူ့ဆရာ ခမြရုပ်က ခါးမှ သံကြိုးကို တန်းလန်းကိုင် ကာ တင်ပလ္လင်ခွေထိုင်နေသည်။ ရှေ့မှာ ဘိုကေ လင်။ နောက်မှာ ခမြရုပ်။ ခမြရုပ်လက်ထဲမှာ ကြိမ် သေးသေးတလုံးကိုင်ထားသည်။ က,ရင်က၊ မကရင် ချမယ်ဆိုတဲ့ သဘော။ ဘိုကေလင်ကြက် လျှာ အလံ လေးကို မြှောက်လိုက်စဉ်....

"ငပိထုပ်ကွနော်၊ ငပိထုပ်"

ဇာတ်စင်ရှေ့ဆုံးမှ ကြို့တိုင်းက လှမ်း အော်ပြီး စက္ကူစုတ်ကလေးဖြင့် ပေါက် ဟန် ပြု သည်။ ဘိုကေ လင်သည် နေ့လယ်က ခံထား နံ့ထားရသည်ကို မမေ့ သေးပေ။ စက္ကူစုတ်ရွယ်လိုက်ရုံဖြင့် နောက်ဆုတ် သွားသည်။ ခမြရုပ်က ကြိမ်လုံးဖြင့် ကျောကို ဆောင့် ထိုးပြီး ရှေ့တိုးခိုင်းသည်။ က,ဟု အမိန့်ပေးကာ သံ ကြိုးကို လှုပ်သည်။

"ထူးလှလို့ ပြိတ္တာအသွင်၊ မြူးကြွဘို့ စိတ်မှာ ပြင် ဦးချလို့ က,မယ့် ဘိုကေလင် ပူနိမ်ဗျောင်...."

ဂိုဒေါင်အဖီမှ ကိုအောင်ကြည်က ဇာတ်ခုံပေါ် မှာ ဘာဖြစ် နေ သည် မ သိ။ နင်း ကန် စွတ် တီး နေ သည်။ ဘိုကေလင်စိတ်ညစ်လာပြီ။ ရှေ့ရန်က တမျိုး၊ နောက်ရန်က တဖုံ။ ရှေ့ရန်ထက် နောက်ရန်ကို ဘို ကေလင် ပိုကြောက်ရသည်။ ထို့ကြောင့် ဆိုင်းတီးနေ စဉ် ကြက်လျှာအလံလေးကို မြှောက်လိုက်၊ ချလိုက်၊ ဝေ့လိုက်၊ ယမ်းလိုက် လုပ်ပြသည်။

"ဟော့ မျောက်စုတ်၊ က, ကွ-က၊ ဒါက,တာ မဟုတ်ဘူး၊ အလံယမ်းတာ"

ကြို့တိုင်း တို့ က လေး အုပ်ထ, သောင်း ကျန်းကြ သည်။ ဘိုကေလင်သည် အလံယမ်းရပ်ကာ မျက်လုံး ကြောင်တောင်ဖြင့် လှမ်းကြည့်သည်။ ကြို့တိုင်းက

လက်သုံးနှစ်ချောင်းဖြင့် ပါးစောင် ဟိုဘက် ဒီဘက်ကို ကျယ်စွာအောင် ဖြဲပြီး မျက်လုံးပြူးမြဲဖြင့် သရဲလုပ်ချောက်ပြသောအခါ....

"ကွိ ကွိ ကွိ ခွိး ခွိး"

ကြက်လျှာလေးကို ပစ်ချပြီး ဘိုကေလင် တဟုန်ထိုး အော်ပြေးသည်။ ရုတ်တရက် ဖြစ်သဖြင့် ခမြရုပ်လည်း သံကြိုးကို မ ဆွဲနိုင်လိုက်။ လူပါ ယိုင်သွားသည်။ တက်ထရွှန် ပြည့်ဖုံးကား ကတမ်းကယမ်းကျလာလေသည်။ အောင်ကြည်က မဆီမဆိုင် (မြမန်းဂီရိ) ယိုးဒယားကို ကောက်တီးလေသည်။

"ရွှေပွဲလာ ပရိသတ်များခင်ဗျာ၊ ခုအချိန်က စ,ပြီး မျောက်လိမ္မာ ဘိုကေလင် အဖွဲ့က ဗိမ္ဗိသာရ အော်ပဒါနဲ့ ဖျော်ဖြေပါတော့မယ်"

အောင်မယ် ရာရာစစ မျောက်က များ၊ ဗိမ္ဗိသာရ အော်ပဒါတဲ့။ ကားမဖွင့်သေး။ ကြေညာသူက ဗိမ္ဗိသာရဇာတ်ကြောင်းကို ချွဲချွဲပျစ်ပျစ်လှန်ပြီး ဗိမ္ဗိသာရ သီချင်းကို ဆိုသည်။ အောင်ကြည်တို့က မြိုင်မြိုင်တီးပေးသည်။ ဘို ကေ လင် မျောက် သ ဘင်ဆိုသည်မှာ ဇာတ်ပို့ဆိုင်းနဲ့၊ ဆံက်တင်နဲ့၊ ဆလိုက် မီးမောင်းနဲ့၊ တကယ့်ဇာတ်ပုံစံဖန်တီးပြီး အသိုင်းအဝိုင်း၊ အပြင်အဆင်၊ အပေးအပို့တွေဖြင့် (ဖိန္နဲ့) လုပ်ကာ မျောက်ကို ပွဲထုတ်ခြင်း ဖြစ်သည်။ မျောက်က တော်တော်ရယ်၊ လူက မိုသဲထားသော ပွဲတမျိုးဖြစ်သည်။

"ဗိမ္ဗိသာရ ဘုရင်ကြီး ညီလာခံပါပြီ"

ပြည်ဖုံးကားတလွန့်လွန့် တက်သွားသည်။ ဟိုက်ရှားဘားစ်၊ မထော်မနမ်းတွေပါလား၊ နန်းတော်ပုံနှင့် ပလ္လင်သေးသေးလေးပေါ်တွင် ဘုရင်လို ဝတ်ထားသော မျောက်ဝကြီးတကောင် ဆောင့်ကြောင့်ထိုင်နေသည်။ လက်ထဲက သံလျက်ကို ဟိုယမ်း၊ ဒီယမ်းလုပ်သည်။ ဝန်လိုဝတ်ထားသော မျောက်ပိန်လေးနှစ်ကောင်က ပလ္လင်ရှေ့မှာ ငုတ်တုတ်၊ ခမြရုပ်က တုတ်မြှောက်၍ အ ချက် ပြ လိုက် သော အ ခါ တကောင်က ခမြရုပ်ကို ဦးချသည်။ တကောင်က ပရိသတ်ကို ဦးချသည်။ ယင်း သို့ဖြင့် ဗိမ္ဗိသာရ မျောက်ဝကြီးကလည်း သံလျက်ကိုတယမ်းယမ်း။ ဝန်မျောက်နှစ်ကောင်ကလည်း ချချင်ရာဦးချ။ ချိန်သားမကိုက်။ အံချော်စွာ အကြိမ်ကြိမ် လုပ်နေကြသောအခါ....

"ဘာတွေလဲဗျို့၊ ဘာတွေလုပ်နေတာလဲ"

ကြိုတိုင်းတို့ ကလေးတသိုက်က ထလောင်ကြသည်။ ဦးလေးကိုဆိတ်ဖါးတို့ ကာလသားများက (အော်- အော်) ဟု အားပေးသည်။ ပြည်ဖုံးကားကျလာလေသည်။ *ဗိမ္ဗိသာရ အော်ပဒါ မပြီးသေးပါ။* ကြေညာသူက မှတ်ပြန်သည်။

"ဩော်....အဇာတသတ်–အဇာတသတ် မိုက်ပါဘိသားတော်ရယ်။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဝါးဖတ်တော် ကဇီနှစ်နဲ့ လူဖြစ်အောင် ကျွေးခဲ့တဲ့ ကျေးဇူးတော်ကိုမှ မထောက်ထား၊ ဖခင်ဘုရင်ကြီးကို အကျဉ်းချလို့မို့ ထက်လှတဲ့သီလဝံရွှေဓားနဲ့ ခြေဖဝါးကို ခွဲပါပေါ့လား"

အောင်ကြည်တို့က (ကြိုလေ–ဘုံဘွေ) အမှိုင်တီးပေးစဉ် ကားဖွင့်သည်။ ဗိမ္ဗိသာရ မျောက်ဝကြီးက ပရိသတ်ဘက်ကို တင်ပေးကာ မှောက်ခုန်ကြီးလှဲနေသည်။ မင်းညီမင်းသားအဝတ်စားဖြင့် အဇာတသတ် ဘိုကေလင်က သစ်သား ဓားသေးသေး လေးဖြင့် မျောက်ဝကြီး၏ ခြေဖဝါးကို သွားသွားထိုးသည်။ မျောက်ဝကြီးက ခေါင်းထောင်ထောင်ကြည့်၏။ သံကြိုးနှစ်ချောင်း ပူးကိုင်ထားသော ခမြရုပ်က ကြိမ်လုံးပြပြီး မထနအောင် ချောက်နေရသည်။ ထိုစဉ်....

"အဇာငပိကွ–အဇာငပိ"

ကြိုတိုင်းတို့ ထအော်ကြသည်။ ဘိုကေလင် အယောင်ယောင်အမှားမှားဖြင့် မျောက်ဝကြီးတင်ကြားကို ဓားဖြင့်ဆောင့်ထိုးမိသည်။ ဒီလိုလုပ်လို့တော့ ဗိမ္ဗိသာရကလဲ ဘာခံလိမ့်မလဲ။ ဘိုကေလင်ကိုတခွိး ခွိးထကိုက်သည်။ ဘိုကေလင်ထွက်ပြေး၏။ သံကြိုးချင်း လိမ်ကုန်သည်။ ခမြရုပ် ဟိုမျောက်မာန် ဒီမျော်မဲ့ သောက်ရှက်တွေ ဟက်တက်ကွဲနေစဉ် ဂိုဒေါင်အဖီမှ ကိုအောင်ကြည်က (ဂန္ဓာမာတောင် လိုဏ်ချောင်မုခ်နန်း ဂူငယ်မှာ မွေးတကြုကြု မဥ္စူတည့် နတ်ပန်းပင်) ဟု ဂန္ဓမာတောင် ပတ်ပျိုးကို ကောက်တီးလေသည်။

(၃)

ပြည့်လုံးကပ်ကျော် ကိုးတောင်ပြည့် ခေတ်တော် ဘုရားပွဲ ဒုတိယည။

လူ့ဇာတ်နှင့် မျောက်ဇာတ် ပရိသတ်ချင်း အညီအမျှဖြစ်သွားသည်။ ဗလရှင်ကို အကြိုက်မတွေ့ကြ

သော ပရိသတ်က ဘိုကေလင်ဘက်သို့ ပြောင်းကြည့်၏။ ဘိုကေလင်ကို မျက်စိနောက်သော ပရိသတ်က ဗလရှင်ဘက်သို့ရောက်သွားသည်။ ဘုရားပွဲဒုတိယညသည် နတို့ ပလို့ ပရိသတ်များ လူကောင်းနိုးမျောက်ဟန်ရိုး ပြောင်းလဲကြည့်ကြသော ညဖြစ်သည်။

ဗလရှင်၏ ရှေ့ပိုင်းပြဇာတ်က (မောင်ကြီး–ပြန်လာပြီ)။

မောင်ကြီးက ထန်းတောက ပြန်လာတာလား၊ ဇဝိုင်းကပြန်လာတာလား၊ ဘယ်ကပြန်လာမှန်းမသိသောပြဇာတ် ဇာတ်လမ်း မယ်မယ်ရရမရှိ၊ ခန်းကူးခန်းဆက်မမိ၊ ဦးတည်ချက်နတ္ထိ။ ပညာပေးအသားထား၊ ဖျော်ဖြေရေး အဆင့်ကိုပင် တန်းမဝင်သော ပြဇာတ်။

ဗလရှင်သည် ငါလုပ်လျှင်ဖြစ်ရမည်။ ပရိသတ်ဆိုတာ အလကား။ ငါပြသမျှကြည့်ရမည်ဟု ထမင်းကျွေးနေသော ထမင်းရှင်ကို အထင် သေးသည်။ ကဇာတ်ပြဇာတ်လောကတွင်လူငယ်ကြည်နိုင်ရေပန်းစားနေသဖြင့် ဗလရှင်က လူငယ် ကြည်ဗဆိုပြီး ပြဇာတ်ကို ကိုယ်တိုင်စီးသည်။ သဘင်လောကတွင် သမ္မာရှိ သမဏ ရှည်လာသော ဂျိုးကပ်နေသော ဇာတ်ဂျိုးကြီး ဦးစက္ကဝိန်က....။

"စဉ်းစဉ်းစားစားလုပ်ပါ မောင်ဗလရယ်။ဟိုသငယ်က လူငယ်မို့လို့ လူငယ်တတ်တာ တင့်တယ်တယ်။ မင်းအရွယ်လေးဆယ်ကျော်က (လူငယ်ကြည်ဗ) ဆိုရင် ပရိသတ် ဘာပြောမလဲ"

ညကြေးလည်း ဖြတ်မှာစိုးသဖြင့် ချိုချိုသာသာ အကြောင်းပြ ဖျောင်းဖျသော်လည်း ဗလရှင် လက်မခံပေ။

"သွားစမ်းပါဗျာ၊ ခင်ဗျားမှာတဆိတ်ရှိ ပရိသတ် ပရိသတ်နဲ့။ ဒီတော့ ပရိသတ်က ဘာ တတ် လို့ လဲ၊ ဇာတ်ဆိုတာ တဇတ်ဇတ်နေအောင် လုပ်ရဲရတယ်၊ ကျုပ်တော့ လုပ်မှာဘဲ၊ လူငယ်ကြည်ဗဘာဖြစ်သလဲ"

သို့ဖြင့် လူငယ်ကြည်ဗ ပါဝင်သရုပ်ဆောင်သော မောင်ကြီးပြန်လာပြီ ပြဇာတ် စတင်ပါလေပြီ....။

"ရှေးမူမပျက်ပါ ရေအိုးလေးတွေ ရွက်ကာရွက်ကာ၊သဘာဝအလှမို့ ဆေးမင်မသပါ၊ သနပ်ခါးရေကျဲနဲနဲလေးနဲ့ကျဲလို့သာ၊ တောရွာသူပျိုမေတသင်းမှာညနေခင်းအပျင်းပြေ ရေခပ်လာ"

"ဟုတ်ပါပေသမျှ မှန်ပါပေသမျှ"

သခေါ်ကြည်၊ မဆလာစိန်၊ ဒေစီပိန်တာနှင့် သာကေတ မိစုအစရှိသော မင်းသမီးများ ရေအိုးကိုယ်စီဖြင့် ထွက်လာကြသည်။ မဆလာစိန်ကိုချိတ်နေသော ဘဇူကာ မြင့်စန်းက (ဟုတ်ပါပေသမျှ-မှန်ပါပေသမျှ)ဟု ဆိုင်းတီးနေရင်းမှ လှမ်းအော်သည်။ ပြဇာတ်မင်းသမီး သခေါ်ကြည်က–

"ပျင်းလိုက်တာနော်၊ ခုနေ ကိုရင်ပါဒန်ကြီးလာရင် သိပ်ကောင်းမယ်၊ သူလာရင် ပုလွေပါလာမှာ"

"ဟုတ်တယ်အေ့၊ ပုလွေသံလေးနဲ့ဆို အပျင်းပြေမှာဘဲ"

တိုင်ဖုံးကြားမှ ကိုဘုတိုထွက်လာသည်။ သခေါ်ကြည်ကြောင်သွားသည်။

"ဟင်....ကိုဘုတို၊ ဘယ်လိုကဘယ်လို"

"ပါဒန်ပွဲခင်းထဲထွက်ပြီး မှိုစားနေလို့ သူ့အစား ငါထွက်လာတာ၊ ငါလဲ ပုလွေမှုတ်တတ်ပါတယ်ဟ၊ တွဲ....တွဲ....တွဲ"

ကိုဘုတိုမှာ ပုလွေမပါ၊ ပါးစပ်ရှေ့တွင်လက်နှစ်ဖက်အုပ်ပြီး (တွဲ....တွဲ....တွဲ)ဟု ဟန်မှုတ်မှုတ်ပြသည်။ တခဲနက်ရယ်သံကြီး အုန်းကနဲညံသွားသည်။ ဒုက္ခကား စ,ပါချေပြီ။ မဆလာစိန်၊ ဒေစီပိန်တာနှင့် သာကေတ မိစုတို့ မဟန်မှန်းသိသဖြင့် (ဒို့ရေဆင်းခပ်လိုက်အုံးမယ်) ပြောပြီး တိုင်ဖုံးကြားသို့ဝင်သွားကြသည်။(ကခွင်ထဲမှာ သခေါ်ကြည်နှင့် ကိုဘုတိုသာကျန်ခဲ့သည်။) ကိုဘုတိုက သခေါ်ကြည်ကိုချိတ်နေသည်။ အကွက်ပေါ်တုန်း ကြံမှာဘဲဟု–

"နင် သိပ်လှတာဘဲသခေါ်ကြည်။ ငါလေ နင့်ကိုကြည့်ရင်း ကြည့်ရင်းက ချစ်ချစ်လာတယ်။ ငါ့ကိုပြန်ချစ်ပါလားဟယ်...."

ဇာတ်လမ်းထဲမှာ အဲဒါမပါ။ သခေါ်ကြည်ကလည်း ကိုဘုတိုအမြတ်ထုတ်သည်ကို သိသည်။ ဒီမသာ ပုတိုတိုကြီး ကခွင်ထဲက ထွက်သွားအောင် ဘယ်လိုလုပ်ရပါ့။ ဪ....အကြံရပြီ။

"ကိုဘုတို၊ ရှင့်အမေကြီး ပိုးထိလို့တဲ့။ ခုလေးတင်ပွေ့ယူသွားကြတယ်"

အမေနှင့်ကိုင်လိုက်သဖြင့် ကိုဘုဘိုမနေနိုင်တော့ (ဟုဘ်လား)ဟုပြောပြီး တိုင်ဖုံးကြားသို့ ဝင်လိုက်သည်။ ဒါက သဘင်အထာဖြင့် ပ,ထုတ်လိုက်တာ

ပါ။ တိုဘက်တိုင်ဖိုးကြီးမှ တယောက် ထွက်လာပြီ။

"ဟား....ဟား တယ်ချောတယ်လှတဲ့ တောင်းလေးပါလား။ သွားရင်းဟန်လွဲ ပန်ရအုံးတော့မယ်"

လူကြမ်းအောင်မြင့်။ ဒီဇာတ်မှာ သခိုးခန်း၊ ခမြန်းက အမြဲတမ်းတာဝန်ယူရတဲ့လူကြမ်းအောင်မြင့်။ သူကမနေ့ကအော်ပဒါမှာသခိုး၊ဒီညပြဇာတ်မှာခမြ၊ ဇာတ်လမ်းအရ သခေါကြည်ကို အပိုင်ကိုင်ရမည်မို့။

"လာမှဲ့စမ်း....တောပန်းလေး"

လက်ဖမ်းဆွဲသည်။ သခေါကြည်က (ကယ်တော်မူကြပါတော်) ဟု အသံကုန်ကျုံးအော်စဉ် လာပါပြီ လာပါပြီ။ လူငယ်ကြည်ဗဆိုတဲ့ ဗလရှင်။ သူက ဒီဇာတ်လမ်းမှာ မြို့ကြီးသားဆရာဝန်။ ကျေးလက်ကိုဆေးကုဖို့ဆင်းလာတုန်း ဒီလို ဒီလို ဖြစ်နေလို့ ဝင်ကယ်တာ။

လူငယ်ကြည်ဗက ခေါင်းလောင်းဘောင်းဘီနှင့် ဆာဖါရီကုတ်နှင့် ဖိုးရိုးဖားယား။ လက်တဖက်က ကျော်မှန်ကုလားများဆွဲသော ကျွန်းသေတ္တာ အပြားကလေးဆွဲထားသည်။ ရောင်ထုံးကိုလူမမြင်အောင် ခေါင်းပေါ်တွင် ကတ္တီပါ ဦးထုပ်ပိုင်းစွပ်ထားသည်။ နောက်စိတွင်ကား ဖုဖေါင်းဖေါင်း။

"ဟေ့....သငယ်မလေးကိုလွှတ်လိုက်"

လူငယ်ကြည်ဗက ဩဇာတွေ၊ မာလကာတွေ အပြည့်ပါသော အသံဖြင့် လှမ်းအော်သည်။ ခမြအောင်မြင့်ကမလွှတ်။ လူငယ်ကြည်ဗကို မခိုးမခန့် ကြည့်ပြီး–

"မင်းလွှတ်ခိုင်းတိုင်းလွှတ်ရမှာလား၊ မင်းကဘာကောင်လဲ"

"ငါဟာ ဒေါက်တာကြည်ဗ၊ဂျူဗိုခါရတေတဘ်တယ်၊ မင်းသိမယ်"

ဒေါက်တာနဲ့ ဂျူဗိုခါရတေနဲ့ ဘာဆိုင်သလဲ၊ ဆိုင်ပေမယ့် ဖိုက်တင်ခန်းလာတော့မှာမို့ ဗလရှင်က လုံးချလိုက်သည်။ ဘဇ္ဇကာ မြင့်စန်းတို့ဝိုင်းက ခြံမောင်းကို မှိန်မှိန်လေးတီးပေးလိုက်သည်။ဒေါက်တာကြည်ဗ မျက်မှန်သေတ္တာကိုပစ်ချ၏။ ခမြအောင်မြင့် သခေါကြည်ကိုလွှတ်လိုက်သည်။ ခွေးနှစ်ကောင်ရန်စောင်သည့်အလား၊ အုံ့တကြိတ်ကြိတ်၊ လက်သီးတပြင်ပြင်ဖြင့် ဇာတ်ခုံကိုလှည့်ပတ်ကာ အကွက်ချောင်းနေ၏။ မိန်းမောင်းသံ တဖြည်းဖြည်းကျယ်လာသည်။

"ပေါင်ပီး–ပေါင်းဖိန် ထီ....ထီ....ထီ....ထီ"

ပတ်မကြီးလဲ ဝင်လာရော တကတဲ ကြည်ဗနှင့် အောင်မြင့် တွယ်လိုက်ကြတာ သူတပြန်ကိုယ်တပြန်၊ သူတချက်၊ကိုယ်တချက် မျက်စိထဲမှာ မီးဝင်းဝင်း ထွက်လုခမန်း ဒလကြမ်း ထိုးကြသည်။ အောင်မြင့်၏ လက်သီးက ကြည်ဗ၏နထင်သို့ ဂွပ်ကနဲဝင်လာ၏။ ကတ္တီပါဦးထုပ်ကျွတ်ကာ ရောင်ထုံးပြုတ်သွားသည်။ ဒေါက်တာကြည်ဗမှာ ဆံပင်တွေ ဖိုးရိုးဖားယားဖြစ်လျက် ဦးရှင်ကြီးချုပ်ပုံကားထဲမှ နောက်ပါသရဲနှင့် တခါထဲတူသွားသည်။ ညကြေး ခဏခဏဖြတ်သဖြင့် အောင်မြင့်ချဉ်နေတာ ကြာပြီ။ စေးထားတာ များလှပြီ။ အကွက်ပေါ်တုန်း ဆော်မှဘဲဟု မမြင်မစမ်း ဖြစ်နေသော ကြည်ဗအား တအားခွတ်ထိုးသည်။ ထပ်ခါထပ်ခါ ထိုးသည်။

"လာကြပါအုံးတော့၊ လုပ်ကြပါအုံး၊ ဇာတ်ဆရာသေတော့မယ်"

အစကတော့ သရုပ်ဆောင်နေတာမှတ်လို့ ကြည့်နေတာပါဘဲ။ တကယ်တီးနေမှန်းသိတော့မှ သခေါကြည် အော်ပြီး ထွက်ပြေးသည်၊ ချထားသောရေအိုးကို တက်နင်းမိပြီး ရေအိုးလည်း ကွဲ၍ သခေါကြည်လည်း မှောက်ရက်လဲစဉ် ကားကတမ်းကရမ်းကျလာသည်။ ကားနောက်တွင် ကြည်ဗနှင့် အောင်မြင့် ထိုးကြတုန်း။ ကြည်ဗ တဖက်သတ် ခံနေရတုန်း။

ဦးစဏ္ဍိန်၊ ကိုပါဒန်၊ ကိုဘုတိုနှင့် ကိုစန္ဒရော်တို့ အတင်းဝင်ဖျင်ကြသည်။ အောင်မြင့်က (ကျုပ်နေနဲနဲမူးနေလို့ပါ) ဟု ကောင်းအောင် ပြောသည်။ လူငယ်ကြည်ဗခေါ် ဗလရှင်က (ခွေးသား မင်းကို ထုတ်မယ်) ဟု အပြတ်ကျိန်းသည်။နထို့ပလို့ ပရိသတ်ကမူ (တယ်သဘာဝကျတာဘဲ။ ဘကြီးတင့်လွန်းရဲ့ နပြာကြီးနဲ့ ကိုရင်ချစ်ပန်းရဲ့ ဂျူကားတို့ ခွေ့ကြတုန်းက အဲတိုင်းဘဲ) ဟု တအုန်းအုန်းရယ်ရင်း ကောက်ချက်ချလေသည်။

"ဘိုကေလင်....မြိုင်သာယာတလျှောက်တွင်....ခိုင်မာလာမျောက်သဘင်.... ပူနိမ် .... တိန်နိမ်း.... ပူနိမ်မျှောင်"

ပထမညကလဲ ဒီသီချင်း။ ဒုတိယညမှာလဲ ဒီသီချင်း။ ဒီသီချင်းကလွဲ၍ ဟိုသီချင်းမရှိသော ကျောက်ဇာတ်က တေးသရုပ်ဖော် ကကွက်ဆန်းပါတဲ့။ နန်းတော်ရှေ့ ဆရာတင်၏ (ရန်ကုန်သူ) သီချင်းကို တီးပြီး သရုပ်ဖော်သည်ကား....

"ကြိုကြိုဖန်ဖန် ရန်ကုန်သူ....ဘုရားဖူးလာတဲ့ ရန်ကုန်သူရယ်၊ မန္တလေးသွားလို့ အသားမဲပါသတဲ့ ဆု"

မျောက် ပိန် မ လေး တ ကောင် ထမီအင်္ကျီဝတ်၊ ခေါင်းမှာ ပုဝါစည်း၊ ပုသိမ်ထီးကလေးဆောင်းကာ ကိုယ်ကို ဟိုဘက်ယိမ်း၊ ဒီဘက်ယိမ်း၊ အဲဒါ ရန်ကုန်သူ တေးသရုပ်ဖော်တဲ့လေ။ ကြေညာသူက ရန်ကုန်သူတွေ ချောကြောင်း၊ လှကြောင်း ထင်ရှားမြင်ရာတွေ စွတ်တင်နေသည်။

"ဟ....ဟ၊ ဘာတုန်းဟ၊ ဘယ်လိုသဘောလဲ"

နတို့ ပလ္လိုပရိသတ်က ထ အော်ကြသည်။ အောင်မှာ ပေါ့၊ ဇော်ဂျီလို ဝတ်ထားသော မျောက်တကောင် သံကြိုးတန်းလန်းနဲ့ ထွက်လာတာကိုး။ ချည်ထားရာမှ သံကြိုးပြုတ်ပြီး မျောက်ထိန်းအငေါ်စ်တွင် ထွက်လာခြင်း ဖြစ်သည်။ ရန်ကုန်သူ၏ ပုသိမ်ထီးကို ဇော်ဂျီက ဆွဲလု၏။ ရန်ကုန်သူကို ခွမ်းကနဲ မာန်လွတ်ရာ ရန်ကုန်သူ ဝင်ပြေးသည်။ ဓမြရုပ်က သံကြိုးကို လိုက်ဆွဲသော်လည်း မမှီလိုက်။ ဇော်ဂျီဇာတ်စင်ရှေ့ပိုင်းသို့ ရောက်သွားသည်။

"ရွှေဘိုသနပ်ခါးတုံးများ.... ရန်ကုန်လိမ်းဘို့ယူ၊ ဘယ်လိုအသားမဲမဲ.... ဝါဝါညက်ညက်ဖြူ....ပုဇွန်တောင် ကြည့်မြင်တိုင်သူနဲ့.... မန္တလေးမြို့တော်သူ"

သီချင်းမဆုံးသေးသဖြင့် အောင်ကြည်တို့ ဆက်တီး၏။ ဇော်ဂျီသည် ပုသိမ်ထီးကလေးကို ဆောင်းကာ ကိုယ်ကို ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက် လုပ်ပြသည်။ ရန်ကုန်သူ တေးသရုပ်ဖော်မှာ ဇော်ဂျီ အခြောက်တေးသရုပ်ဖော် ဖြစ်သွားသည်။ တေးမဆုံးခင် ပြေဖုံးကား ကတမ်းကရမ်း ကျလာ၏။ တရှမ်းရှမ်းရိုက်သံများနှင့်အတူ မျောက်အော်သံစူးစူးဝါးဝါး ကိုကြားရသည်။ ကိုယ့်အခန်းမဟုတ်ဘဲ ဝင်ရှုပ်သဖြင့် ဇော်ဂျီအအုပ်ခံရခြင်း။

"ခေါင်းဆောင်မင်းသားချော.... ဘိုကောလင်က စွန့်စားခန်းများ ပြပါတော့မယ်"

ခေါင်းမှာဆံပင်တုစွပ်လျက် ရှတ်လက်တို၊ ဘောင်းဘီတိုဝတ်လျက် စီးကရက်ခဲကာဘိုကောလင်ထွက်လာသည်။ မီးခိုးများကို နှာခေါင်းထဲက ထုတ်ပြသည်။ ဒီအထိ ဟန်နေတုန်း။ ဓမြရုပ်က (ပရိသတ်ကို တ တာလုပ်ပြလိုက်) ခိုင်းသဖြင့် ဘိုကောလင် ရှေ့တိုး လျှောက်လာသည်။ လက်တဖက် မြှောက်လိုက်စဉ် ကြိုးတိုင်းက (သေမယ်ဇနော်) ဟု လှမ်းအော်သည်။ ဘိုကောလင် တာ့တာမလုပ်တော့။

ဓမြရုပ်က ခုံကလေးတလုံးချပေးပြီး ကင်းမြီး ကောက်ထောင်ခိုင်းသည်။ ဘိုကောလင်သည် ကြိုးတိုင်း ကို မရဲတရဲလှမ်းကြည့်ကာ ခုံပေါ်တက်သည်။ လက်နှစ်ဖက်ထောက်၍ ကင်းမြီးကောက် ထောင်သည်။ ဆိုင်းက (ဒိန်တုတ်တုတ်–ဒိန်တုတ်တုတ်) ကုလားမသာဘင်ဆိုင်းမျိုး တီးပေးသည်။

ပြဿနာတွေ ဖြစ်လာပြန်ပြီ....။

တိုက်ပုံအမဲနှင့် တောင်ရှည်ပုဆိုးကွက် ဝတ်ကာ ပုသိမ်ထီးဆောင်းထားသော မျောက်တကောင် ကားကြားမှ ထွက်လာသည်။ မျောက်ဦးရွှေရိုးက ဘိုကောလင် ကင်းမြီးကောက် ထောင်နေသည်ကို ရှုကြီးဖြင့် ရပ်ကြည့်နေသည်။ မျောက်ထိန်းက ခါးမှ သံကြိုးကို ပြန်ဆွဲသဖြင့် ဦးရွှေရိုး ဘောလန်ဘောလန်နှင့် နောက်ပြန်ကြီး ပြန်ဝင်သွားသည်။

ဓမြရုပ် နောက်ဘက်မှ ခွမ်းခွမ်းသံများ ကြားရသည်။

ဇော်ဂျီလေ၊ စောစောက အအုပ်ခံထားရတဲ့ဇော်ဂျီ။ အင်မတန် ကမြင်းတဲ့ကောင်။ ဘင်သံကြောင့် သွေးကြွသည် ထင့်။ ပြေးထွက်လာလိုက်၊ ပြန်ဝင်သွားလိုက်၊ ပြေးထွက်လာလိုက်၊ ပြန်ဝင်သွားလိုက် သံကြိုးတပြန် အဆုံးအထိ ထွက်ထွက်လာပြီး ရောက်ယက်ခတ်နေသည်။ ပရိသတ်မြင်ကွင်းတွင် ဇော်ဂျီသည် ပေါ်လိုက် ပျောက်လိုက် ဖြစ်နေစဉ်....

"ငပိလင်ကွ–ငပိလင်၊ ကြိတ်ပေး–နှိပ်ပေး"

ကြိုးတိုင်းတို့ တခဲနက် ထအော်ကြသည်။ ဘိုကောလင် ကင်းမြီးကောက် ပြုတ်ကျ၏။ ဓမြရုပ် ဒေါသ မထိန်းနိုင်တော့။ ကခွင်ထဲတွင်ပင် ကြိမ်ဖြင့် တရှမ်းရှမ်း ရိုက်သည်။ ဘိုကောလင်၏ ဘောင်းဘီတိုအိုးဝမှ မ တတုံးကျလာ၏။ မျောက်ကြီးမှာ ကြောက်သွီးပါသွား သည်။

"အများလေလေ–ရှုလိုက်ကြပါတော့ ဟိုမြို့လယ် မှာ....ဒီမြို့လယ်မှာ"

အင်မတန်ကျင်တဲ့ဇော်ဂျီ။ ခု–သူ့အလှည့်ရောက်ပြီ။ ဇော်ဆိုင်းအစလိုက်တွင် မျောက်ဇော်ဂျီ ကြိမ်လုံးထမ်းကာ ကွတကွတ ထွက်လာသည်။ ဆိုင်းတီးပေးစဉ် ကိုယ်ကို ဟိုဘက် ယိမ်းလိုက်၊ ဒီဘက် ယိမ်းလိုက် လုပ်ပြသည်။

"ဇော်ယောင် ဂျီယောင် ဆေးကြိတ်တဲ့တောင်၊ (အို....ဘာတဲ့တုန်းဟ) ဇော်ယောင်ဂျီယောင် ဆေးကြိတ်တဲ့တောင်၊ ကိုင်ဆောင် တောင်ဝှေး လိုရာပေး"

ဆိုင်းဆူလာသည်။ နှဲသံနှင့်မောင်းသံ စွာထွက်လာသည်။ ဆူမြိုင်နေသော ပတ်သံ၊ နှဲသံ၊ မောင်းသံများကြားသို့ ပတ်မက တထိထိဖြင့် ချက်ပိုင်ပိုင် ဝင်ပေးသည်။ ဇော်ဂျီ ဆေးကြိတ်ပေပြီ။ အရေးကကြည့်ရင်တော့ ဇော်ဂျီ ဆောင့်ကြောင့်ထိုင်ပြီး ဆေးကြိတ်နေတာပေါ့လေ။ ရှေ့ဆုံးမှ ကြည့်နေသော ကြိုတိုင်းတို့ကမူ ဇော်ဂျီ၏ဖြစ်ပုံကို အလုံးစုံမြင်နေရသည်။

ကြိမ်လုံးကတခြား၊ ရှေ့နားမှာ ရောက်နေသည်။ မျောက်ဇော်ဂျီက ဆောင့်ကြောင့်ထိုင်ကာ ဇာတ်ခုံကို လက်ဝါးဖြင့် လိုက်လိုက်ဖိနေသည်။ လက်တဖက်သည် ဘိုကေလှုင်ထွက်ကျသွားသော မစင်တုံးပေါ်သို့ ဖိမိသွားသည်။ သည်မှာတွင် ကြိုတိုင်းက ဝမ်းသာအားရ ထအော်သည်။

"ချီးတုံး ဖိမိတယ်ဟေ့။ ဇော်ဂျီလက် ချီးပေသွားပြီ"

နတ်ပို့ပလ္လိ ကလေးအုပ်၏ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံ တဖျောင်းဖျောင်းတရှီရှီ ညံသွားသည်။ တိုက်ရွာသားစ်၊ ဒုက္ခတွေ ဖြစ်နီးကိုပါရော့လား။ မျောက်ဆရာ မမြရုပ် အတော် ဆွေးသွားသည်။ အောင်ကြည်တို့က (ဇော်ယောင်–ဂျီယောင်) ကို ပြန်ကြော့ပေးသော်လည်း မျောက်ဇော်ဂျီ ဆေးမကြိတ်တော့။ လက်ဝါးကို နမ်းကြည့်ပြီး တခွီးခွီး အော်ပြေး၍ မမြရုပ်ပုဆိုးကို သွားသုတ်သဖြင့်....

"ယုတ်မာအုန်းကွ၊ ယုတ်မာအုန်းကွ"

သံကြိုးကို တုပ်ဆွဲပြီး တရွှမ်းရွှမ်းအုပ်လေရာ ဇော်ဂျီ၏အော်သံကွီကွီကွကွညံသွားသည်။ ထိုမြင်ကွင်းကို နတ်ပို့ပလ္လိ ပရိသတ်များကြားရှည်မမြင်စေလိုသောကြောင့် အပြာရောင်ပြည်ဖုံးကား ကျလာပြီး ဖုံးကွယ်ပေးလိုက်လေသည်။ အောင်ကြည်တို့က (မေရေ....စတ်ပူ့နတ်ကေ ဝမ်းနီးကာတ်သူ အာရေကပူ) ဟူသော အာရာဒနား ကုလားသီချင်းကို ဆိုတီးတီးပေးသည်။

ပြည်လုံးကပ်ကျော် ကိုးတောင်ပြည့် စေတီတော်ဘုရားပွဲ တတိယည။

နောက်ဆုံးည ဖြစ်သလို နှုတ်ဆက်သည့်ညလည်း ဖြစ်သည်။ ထူးခြားချက်ကား မလရှင်၏ပွဲခင်းထဲတွင် ခဲတွေ ဟိုနားတပုံ၊ ဒီနားတပုံ တွေ့ရခြင်း ဖြစ်သည်။ ဦးလေးကိုဆိတ်ဖားသည် စကားအချို့ကို နားဆတ်ဆတ်ကြားခဲ့ရသည်။ ဗလရှင်ဇာတ်ခုံနောက်နား သူရောက်အသွားမှာ....။

"မောင်မလရယ်၊ တော ပရိသတ် ဖြစ်ဖြစ်၊ မြို့ပရိသတ်ဖြစ်ဖြစ် ပရိသတ်ဆိုတာ ဒို့ကို ထမင်းကျွေးနေတဲ့ ကျေးဇူးရှင်တွေကွဲ့။ ဒီည နောက်ဆုံးညမှာ ဒို့တတ်သမျှ သတင်ပညာနဲ့ ကျေးဇူးရှင်တွေကို လေးလေးစားစား ကျေးဇူးဆပ်ကြရအောင်"

**ကစားစရာအရုပ်ကလေးမဟုတ်ပါ**

ဈေးဆိုင်ပေါ်တွင်၊ အလှပြင်၍
ဝယ်ချင်ကြအောင်၊ ဆေးရောင်စုံသ
ရောင်းဘို့ပြထား၊ ကစားစရာအရုပ်
ကျမ,မဟုတ်ပါ။
အရုပ်ကလေး၊ ငွေစပေး၍
အချိန်မရွေး ဝယ်နိုင်လည်း။
လူနှင့်လူချင်း၊ ငွေစခင်း၍
ရင်တွင်းအချစ်၊ မေတ္တာစစ်ကို
ဈေးဆစ်ဝယ်၍ မရနိုင်ပါ။
လူနှင့်လူချင်း၊ ရန်စစ်ခင်း၍
အတင်းမမှု၊ လက်နက်ပြပြီး
ရင်မှဖြစ်လာ၊ ထိုမေတ္တာကို
ယူပါရင်လဲ၊ မရနိုင်ပါ။
အသဲမေတ္တာ၊ ငွေသစ္စာနှင့်
ကြင်နာတရား၊ တန်ဘိုးထားမှ
ဖောက်ကားရောင်းဝယ်၊ ဈေးတည့်မယ်ရှင့်။

**နီလာလွင် (တက္ကသိုလ်)**

အဘိုးကြီးသံတသံက တောင်းပန်သည်။

"လာ ပြန် ပ လား ပရိသတ်။ ခင်ဗျား ကို ထမင်း ကျွေးတာ ကျုပ်ဗျ–ကျုပ်။ ဟောဒီမင်းသား ဗလရှင်။ ဒါ–တော။ဂျင်ဂလိ။ နာမည်ကြည့်ပါလား–နတို့ပလို့တဲ့။ ဘိုက်ရွှံ့ပေနေတဲ့ တောသားတွေ၊ သဘင်ပညာ ဘာသိသလဲ။ ကျုပ်တို့လုပ်သမျှကြည့်ရမယ်။ဖြစ်သလို က၊ မိုးလင်းရင် ပြီးတာဘဲ"

ဦးလေးကိုဆိတ်ဖား အသာ လှည့်ထွက်ခဲ့သည်။ ထိုသတင်းကို ရွာထဲသို့ တီးတိုးလိုက်ဖြန့်သည်။ ငပျော့တို့ ကာလသားများ အံကြိတ်ကြသည်။ ဘကြီးတင့်လွန်းလို လူကြီးကပင် (ဒို့တောသားတွေကို စော်ကားတာကွ။ ငါ့အိမ်ရှေ့က အုတ်ခဲကျိုးတွေ ယူသွားကြ) ဒေါသဖြင့်ပြောပြီး၊ အုတ်ခဲကျိုး အလှူထည့်လိုက်သည်။ ဤသို့ဖြင့် ဗလရှင်ပွဲခင်းထဲတွင် ခဲတွေ ဟိုနားတပုံ၊ ဒီနားတပုံ ရောက်လာခြင်းဖြစ်သည်။

ကြုံတိုင်း မျောက်ရုံနောက်ဖက်သို့မငယောင်မလည် ရောက်သွားသည်။ ရည်ရွယ်ချက်က မျောက်တွေကို စဘို့။ ခါတိုင်းချည်နေကျ ဇီးပင်တွင် မျောက်တကောင်မှမမြင်။ မိမြရုပ်လည်းမမြင်ရ။ နောက်ဘက်အပေါက်ကို ထရံတချပ် ပိတ်ထားသည်။ အတွင်းထဲမှ ကွကွကွ ကွ ကြားသဖြင့် ကြုံတိုင်းချောင်းကြည့်သည်။

သြ....လက်စသတ်တော့ ဒို့ကြောက်လို့ မျောက်တွေ အထဲသွင်းထားတာကိုး။မြရုပ်နှင့်အတူ လူတွေ ဝိုင်းထိုင်နေကြသည်။ ပတ်ဝိုင်းတီးသော ဆိုင်းခေါင်းဆော်ာင်လူကြီးက....

"ဆရာ....ဒီညဘယ်လိုလဲ၊ အစီအစဉ်တွေ ကုန်နေပြီ။ လုပ်ပြီးသားထပ်လုပ်ရင်ပရိသတ်မကျေနပ်မှာ စိုးရတယ်"

"မကျေနပ်ရင် သေကြပေါ့ကွာ။ ဒီတောသားတွေ ဘာနားလည်လို့လဲ။ မျောက်ရှိရင်အစီအစဉ်ရှိတယ်။ ငါကြည့်လုပ်မယ်။ အရေးကြီးတာက ခလေးတွေ ရန်ဘဲ၊ကတုံးသံတောက်နဲ့ မျက်လုံးမှေးမှေး၊ ခွေးသားလေးအဆိုးဆုံး"

ကြုံတိုင်း ဆတ်ကနဲဖြစ်သွားသည်။ မအောပေးမမြရုပ်ကြီး။ ရွာကိုလဲပြောတယ်။ ငါ့ကိုလဲဆဲတယ်။ဒီညသိမယ်။ ကြုံတိုင်းသည် ထို သတင်းကို ကလေးတိုင်းလိုက်ပြောသည်။ သူ့ဝသီအတိုင်း မမြရုပ်ပြောသည်ထက် သုံးလေးဆပိုပြောသည်။ တကယ် အဆဲခံရတာက သူ။ သူပြောပြတော့ မမြရုပ်ဟာ ကလေးအားလုံးကိုဆဲသည်။ သူကြီးဦးဖားပါ ဆဲသည်။အဆဲလွှတ်တာဆိုလို့ အဘဦးစံအေးတယောက်ဘဲရှိသည်။ ဒီမိမြရုပ်ဆဲတာကို ခံနေကြမလား။ မမြရုပ်ကို သနိုးရုပ်၊ ဂျပိုးရုပ်၊ သူတောင်းစားရုပ်ဖြစ်အောင် ဝိုင်းအုပ်ကြမည်ဟု တိုထောင်ပေးသည်။

ကလေးတွေ သွေးကြွလာပြီ။ လူကြီးများအလစ်တွင် ငပိအိုးကို နှိုက်ကြသည်။ လေးခွတွေ သရေပြင်ကြသည်။ လောက်စာလုံးတွေစုကြသည်။ ထိုည၏ ထူးခြားချက်ကား ဘိုကေလင်မျောက်ပွဲတွင် ကလေးတွေပိုများလာခြင်းဖြစ်သည်။ ရွာထဲတွင် ကလေးမှ ကျန်သေးရဲ့လားထင်ရအောင် ကလေးတွေမတရားများသည်။ သူတို့မသောင်းကျန်းကြ။ အံ့ဩစရာ ငြိမ်တိတ်နေသည်။ အမှန်မှာ ကလေးခေါင်းဆောင်ကြီး ဘိုကြုံ၏ အချက်ပြချိန်ကို စောင့်နေကြခြင်းဖြစ်သည်။

"ဗမာ့သဘင်....အစတွင်....ဗလရှင်"

နှစ်ပါးသွား လာပါပြီ။ ဗလရှင်ကအလယ်က။ ဝဲဘက်မှာ ဒေစီပိန်တာနှင့် မဆလာစိန်။ ယာဘက်မှာ သာကေတာမိစုနှင့် သခွါကြည်။ လူရွှင်တော်များဖြစ်ကြသော ကိုပါဒန်၊ ကိုဘုတို၊ ကိုစန္ဒရော်တို့လည်း အသီးသီးရပ်နေကြသည်။ ဇာတ်ထဲမှာရှိသမျှမိန်းမမှန်သမျှ ဂျိုကျိုးနားရွက်ပဲ့ ပါမကျန် ဇီးလိမ်းပြင်ဆင်ကာ နောက်ပါးတွင် စီးတန်းထိုင်နေကြသည်။

"ဗမာ့သဘင်အစတွင် ဗလရှင်၊သဘင်မှာပထမ၊ ဗလင်ပါရှပါတဲ့....ဗလဗလရှင်"

ဗလရှင်အဟဲလိုက်တွင် မင်းသမီး လေးလက်နှင့် နောက်ထိုင်မိန်းမများက....

"အို....ကိုကြီးရှင်....မောင်ကြီးရှင်။ ချစ်ကြပါစို့အစဉ်၊ အစစယဉ်....ဗလ–ဗလလင်"

သံသေးသံကြောင် သံပြာလောင်တို့ဖြင့် ဝိုင်းအော်ကြစဉ် ဘဂူကာမြင့်စန်းတို့က (ပူနိမ်မျောင်ပူနိမ်မျောင်) မြိုင်မြိုင်တီးပေးသည်။ ပထမတကြော့ ဆိုကတီး၍ ပြီးသွား၏။ ဗလရှင် ခါးပုံစမ,ကာ ရှေ့သို့ထွက်လာပြီး။

"ကျေးဇူးရှင်မိဘများကို ရိုသေစွာ ဂါရဝနဲ့အာလီ တင်ချီသ,ပါတယ်။ သားဗလ နှုတ်ဆက်ပွဲမို့"

ဗလရှင်လက်အုပ်ကလေးချီပြီး၊ပရိသတ်ကို ဖြီးရန် ပျိုးလိုက်စဉ် ဦးလေး ကိုဆိုတ်ဖားက (ဟော့....ဒါ အလကား ညာတာကွ။နေ့ခင်းက စော်ကားနေတာ ငါ့နားဆတ်ဆတ် ကြားရတယ်) ထအော်ပြီး ခုံဖိနပ် စုတ် တဖက်ကို ဇာတ်ခုံပေါ် ပစ်တင်လိုက်သည်။ဗလ ရှင် ဖျားသွားပါပြီ....

"အကြား လွဲလို့ ဖြစ်ပါလိမ့်မယ် ခင်ဗျာ။ ဇာတ် သမားလာရင် မှတ်သားစရာပါရမယ်။ ဇာတ်သမား ပြန်ရင် မှတ်သားစရာကျန်ရမယ်...."

ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေသည်။ ဗလရှင် ဇာတ်သမားလာတာ မှတ်သားစရာ ဘာပါသနည်း။ ဗလင်ရှတာတို့ ပုလင်း ကွဲရှတာတို့၊ ဒါတွေဘဲ ပါ သည်။ဗလရှင် ဇာတ်သမားအပြန်မှာ မှတ်သားစရာ ဘာကျန်သနည်း။ဆေးလိပ်တိုတွေ၊ ကြံဖတ်တွေ၊ကောံ ညှင်းထုပ်ခွံတွေ ဒါတွေဘဲကျန်သည်။ သေးကွက်တွေ နဲ့သေးစော်နံတာဘဲ ကျန်သည်။ ဒါတွေက လွဲလို့ ဘာမှ မကျန်။

"အကြားလွဲလို့တုတ်လား။ငါ့နားမပင်းဘူးကွ.... မင်းစော်ကားတာ သေသေ ချာချာ ကြားတယ်"

ဦးခလေးကိုဆိုတ်ဖားက ပရိသတ်ထဲမှ ထချပြီး ခဲ တလုံးကို ပစ်တင်လိုက်သောအခါ ရွာကာလသား များကလည်း ပုံထားသော ခဲများဖြင့် တပြိုင်တည်း ဝိုင်းပစ်ကြသည်။တခဲပြီး တခဲ၊တလုံးပြီးတလုံး၊ခဲမိုးရွာ ကြသည်။ဗလရှင်၏ ရင်ဘတ်သို့ရှင်း၊ မဆလာစိန်၏ ငယ်ထိပ်သို့ရှင်း၊ ကိုပါဒြန်၏ ခါးဆစ်သို့ရှင်း၊ ခဲတွေ လာမှန်သည်။ဆိုင်းထဲသို့လည်း ခဲကျသည်။ ဘဇုကာ မြင့်စန်းတို့ ဆိုင်းသမားတွေ ဇာတ်ခုံအောက်ဝင်ပြေး ကြသည်။ဇာတ်ခုံပေါ်တွင် (လာကြပါအုံးတော့.... လုပ်ကြပါအုံးတော့) အော်သံတွေ ညံနေသည်။ပြေး ကြလွှားကြသည်၊အုတ်ထက်ပိုင်းကျိုးတလုံးက ဖန်သီး ကြီးကို လာမှန်ပြီး မီးကြိုးပြတ်ကာ တဇာတ်လုံး မှောင် သွားသည်။

"ပြေ်....ကိုဒါသ....ကိုဒါသ၊ အဖေ အမေ သဘောမတူပေမယ့်လဲ ကျမ ချစ်လို့ ကျမယူခဲ့တဲ့ လင် သူတော်ကောင်းကြီး။ အခုတော့ မိုးထိလို့ ဆုံးရှာပါ ပေါ့လား၊တမျိုး မချိစရာပါရှင်...."

အောင်ကြည်က (တိန်တိန်) ဟုအသံကူပေးသည်။

"ပိုးထိကာ ခန္ဓာစဲရှာပေါ့....ကျမ အသဲမှာ ကြင် နာရပါတဲ့ လင်ရတနာ တပါး....ဟာအား...."

ငိုပါ၊ ငိုပါ၊ နှပ်ချီးတွေ ထွက်အောင် ငိုပါ။ နင်ငို ပေမယ့် အလကား၊ကိုဒါသလုပ်နေသောဘိုကေလင် က ပိုးထိထားပေမယ့်ငြိမ်ငြိမ်မနေ၊ မှောက်ခုံကြီးလဲခြနေ ရာမှ ဖင်ဘူးတောင်းထောင်ထောင်ထသည်၊သားများ လုပ်ကြသော မောင်ကြီး မောင်ငယ် မျောက်ပိန်လေး နှစ်ကောင်ကလည်း ဖအေတကောင်လုံး သေနေတာ နဲနဲမှ ပူဆွေးပုံမရ၊ ငုတ်တုတ်ကလေးတွေ ထိုင်ကာ တကောင့် ခေါင်းကို တကောင်က သန်း ရှာပေးနေ သည်။မအေကြီး မပဒါလုပ်တဲ့မျောက်ပိန်မကော....။

နောက်ခံ အသံက ငိုပေးနေသည်။ဂိုဒေါင်အဖိုမှကို အောင်ကြည်က ငိုချင်းဆိုင်းတီးပေးနေသည်၊ဟန်ငိုက လေး ဖြစ်ဖြစ်ငိုပါလား၊ရင်ဘတ်ကိုဖြစ်ဖြစ်ထုပါလား၊ မပဒါကား လင်သေသော်လည်း မငို၊ အထုပ်ကလေး ဘေးချကာ ပိုးကောင်တွေကို လိုက်ဖမ်းစားနေသည်။ ပိုးထိသေသော ကိုဒါသ ဘိုကေလင် မသာ ဘဝက ထထိုင်သည်။ မောင်ကြီးနှင့်မောင်ငယ်တို့ ဇာတ်ခုံကို လက်ဝါးဖြင့် ဖိဖိပြီး ဆေးကြိတ်ကြပါပကော။ မပဒါ မျောက်ပိန်မ ထမိန် တကားကား ပိုးကောင် ခုန်ဖမ်း နေစဉ်....

"မအေပေးတဲ့ ခမြရှပ်ကြီးဆဲအုံးကွ...."

ကြုံတိုင်းထရပ်ပြီး လေးဂွကိုဆွဲသည်၊စမြရှပ်နဖူးသို့ လောက်စာလုံးတလုံး ဒေါက်ကနဲပြေးမှန်၏။ ငပိထုပ် တွေ တထုပ်ပြီး တထုပ်၊ ဇာတ်ခုံပေါ် ကျလာသည်။ မျောက်တွေတခွီးခွီးဆူကုန်သည်၊နတို့ပလို~ လေး အုပ် လေးဂွစွမ်းပြလေပြီ။သူတို့က အော်အော်ပြီး ပစ် သည်။ ဘိုကေလင်ကွ အော်လျှင် ဘိုကေလင်ကို ထိ သည်။မပဒါကွအော်လျှင်မပဒါကိုမှန်သည်။မောင်ကြီး မောင်ငယ်ကွ ဆိုလျှင် မျောက်ပိန်လေးနှစ်ကောင် စူးစူး ဝါးဝါးအော်ရသည်။ ကြုံတိုင်းက မျောက်ကို မပစ်။ ခမြရှပ်ကြီးတယောက်တည်းကို မဲပစ်သည်။ မီးချောင်း တွေကွဲသည်။ မီးလုံးတွေကွဲသည်။ ဆိုင်းသမားတွေ လည်း သက်သာခွင့်မရ၊ဂိုဒေါင်အဖိုမှ ကိုအောင်ကြည် နောက်စိ ဖုသွားသည်။

တောပရိသတ်ဖြစ်ဖြစ်၊ မြို့ပရိသတ်ဖြစ်ဖြစ်၊ ပရိသတ် မှန်သမျှ ထမင်း ကျွေးသော ထမင်းသခင် ကျေးဇူးရှင် ဖြစ်သည်။ထမင်းရှင်ကို မလေးစားလျှင် မျောက်ပင်၊ လူ ပင်လား၊ဘယ်လိုပင် ကွဲပြားကွဲပြား ထမင်းငရဲကိုကား ခံကြရမည်သာတည်း။

အိကြာကွေး